# မာတိကာ

မာတိကာ　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

## ၄—ပုဗ္ဗဝဂ်


၁—မြေကြီးနှင့် စပ်သော စကားပြောကြားလေ့ရှိသော ရဟန်းငါးရာဝတ္ထု .... .... .... .... ၁

၁ ဒေသနာတော် .... .... .... .... ၂

၂ ဒေသနာတော်၏အကျိုး .... .... .... ၃

၂—တံလျှပ်ပမာ ကမ္မဋ္ဌာန်းကိုရှုသော မထေရ်ဝတ္ထု .... .... ၃

၃ မိမိကိုယ်ကို တံလျှပ်ပမာ ရေမြှုပ်ပမာဆင်ခြင်ပုံ .... ၃

၄ ဒေသနာတော် .... .... .... .... ၄

၅ ဒေသနာတော်၏ အကျိုး .... .... .... ၅

၃—ဝိဋဋူဘဝတ္ထု .... .... .... .... ၅

၆ ပသေနဒီကောသလမင်းကြီး စသည်တို့၏အကြောင်း .... ၅

၇ ကောသလမင်းနှင့် အရှင်အာနန္ဒာ .... .... ၇

၈ မချဉ်းကပ်သင့် ချဉ်းကပ်သင့်သော အမျိုးအိမ် .... ၉

၉ ကေသဝ ရသေ့ဝတ္ထု .... .... .... .... ၁၁

၁၀ ချစ်ကျွမ်းဝင်ရာ အရသာတရား .... .... .... ၁၃

၁၁ ကောသလမင်းကြီးနှင့် သာကီဝင် .... .... ၁၅

၁၂ ဝိဋဋူဘဟု အမည် ဖြစ်ပေါ်လာပုံ .... .... ၁၆

၁၃ ဝိဋဋူဘ ကပိလဝတ်ပြည်သို့ သွားခြင်း .... .... ၁၇

၁၄ ဝိဋဋူဘ ထိုင်ရာအင်းပျဉ်ကို ဆေးကြောခြင်း .... ၁၈

၁၅ ကဋ္ဌဝါဟနဇာတ် ဟောတော်မူခြင်း .... .... ၁၉

၁၆ မလ္လိကာ၏ ချင်ခြင်းနှင့် ဗန္ဓုလ၏သူရသတ္တိ .... .... ၂၀

၁၇ ဗန္ဓုလမြွားဖြင့် လိစ္ဆဝီမင်းများ ပျက်စီးပုံ .... .... ၂၂

မာတိကာ — စာမျက်နှာ


| | | |
|---|---|---|
| ၁၈ | သွားတို့နှင့်တကွ ဗန္ဓုလစစ်သူကြီးအနိစ္စရောက်ခြင်း .... | ၂၃ |
| ၁၉ | ကောသလမင်းကြီး နတ်ရွာစံခြင်း .... | ၂၆ |
| ၂၀ | ဝိဋ္ဋူဘ သာကီဝင်မင်းမျိုးဆက် ဖြတ်ခြင်း .... | ၂၈ |
| ၂၁ | ဘိုးတော်မဟာနာမ် နဂါးပြည်၌ တဆဲ့နှစ်နှစ် နေခြင်း .... | ၃၀ |
| ၂၂ | ဝိဋ္ဋူဘတို့ ပျက်စီးပုံ .... .... .... | ၃၁ |
| ၂၃ | သာကီဝင်တို့၏ ချေးကံနှင့် ဝိဋ္ဋူဘတို့၏ နှလုံးအလို မပြည့်ခြင်း .... .... .... | ၃၂ |
| ၂၄ | ဒေသနာတော် .... | ၃၃ |
| ၂၅ | ဂါထာအဓိပ္ပါယ် .... .... .... | ၃၃ |
| ၂၆ | ဒေသနာတော်၏အကျိုး .... .... | ၃၄ |
| ၄— | ပတိပူဇိကာ သတို့သမီးဝတ္ထု .... .... .... | ၃၄ |
| ၂၇ | တဦးသော နတ်သမီးနတ်ပြည်မှ စုတေခြင်း .... .... | ၃၄ |
| ၂၈ | လူတို့၏ အခြေအနေကို ကြားရ၍ မာလာဘာရီ နတ်သား ထိတ်လန့်ခြင်း .... .... .... | ၃၆ |
| ၂၉ | ရဟန်းများနှင့် ကွယ်လွန်သူ ပတိပူဇိကာ .... .... | ၃၇ |
| ၃၀ | ဒေသနာတော် .... .... .... | ၃၉ |
| ၃၁ | ဒေသနာတော်၏အကျိုး .... .... .... | ၃၉ |
| ၅— | မစ္ဆရိယကောသိယသူဌေးဝတ္ထု .... .... .... | ၃၉ |
| ၃၂ | သူဌေးကြီး၏ မုံ့အိုးကင်းတကျော် .... .... .... | ၄၀ |
| ၃၃ | ရှင်မောဂ္ဂလာန်၏ တန်းခိုး .... .... .... | ၄၂ |
| ၃၄ | သူဌေးကြီးလင်မယား သောတာပန်တည်ခြင်း.... .... | ၄၅ |
| ၃၅ | ဒေသနာတော် .... .... .... .... | ၄၈ |
| ၃၆ | ဒေသနာတော်၏ အကျိုး .... .... .... | ၄၈ |
| ၃၇ | ဣလ္လိသဇာတ် အကျဉ်း .... .... .... | ၄၉ |

| မာတိကာ | စာမျက်နှာ |
|---|---|

**၆—ပါဝေယျကမည်သော တက္ကတွန်းဝတ္ထု** .... .... .... ၄၉
၃၈ ဘုရားအား တက္ကတွန်းငြူစူခြင်း .... .... .... ၅၃
၃၉ တက္ကတွန်းနှားနှင့် သာမုခေါ်သံ .... .... .... ၅၁
၄၀ ဒေသနာတော် .... .... .... ၅၃
၄၁ ဒေသနာတော်၏အကျိုး .... .... .... ၅၃

**၇—ဆတ္တပါဏိ ဥပါသကာဝတ္ထု** .... .... .... ၅၃
၄၂ ဘုရားမျက်မှောက် ဘုရင့်ဂုဏ်ပျောက်ခြင်း .... .... ၅၃
၄၃ ဘုရားမျက်ကွယ်ဘုရင့်ဂုဏ်ကြွယ်ခြင်း .... .... ၅၅
၄၄ စာသင်လေ့ရှိသော မိဖုယားအကြောင်း .... .... ၅၆
၄၅ ဒေသနတော် .... .... .... ၅၈
၄၆ ဒေသနာတော်၏အကျိုး .... .... .... ၅၈

**၈—ဝိသာခါဝတ္ထု** .... .... .... ၅၉
၄၇ ခုနစ်နှစ်သမီး ဝိသာခါ သောတာပန် တည်ခြင်း.... .... ၅၉
၄၈ သာကေတမြို့ တည်ခြင်း .... .... .... ၆၁
၄၉ မိန်းမတို့၏ ကောင်းခြင်းငါးပါး .... .... .... ၆၂
၅၀ ပုဏ္ဏဝဍ္ဎနသတို့သားအား သတို့သမီးအရှာ ထွက်ခြင်း .... ၆၄
၅၁ လျှင်မြန်စွာ မသွားသင့်သူ လေးယောက် .... .... ၆၆
၅၂ ဝိသာခါ လက်ထပ်ပန်းကုံး လက်ခံခြင်း .... .... ၆၇
၅၃ မင်္ဂလာဆောင်ပွဲအတွက် ဝိသာခါ စီမံပုံ .... .... ၆၉
၅၄ မင်္ဂလာဆောင်ပွဲ၌ ထင်း မလောက်နိုင်ပုံ .... .... ၇၀
၅၅ မဟာလတာ တန်းဆာ၏ပုံစံတန်ဘိုး သက်န်းအကျိုး .... ၇၂
၅၆ လက်ဖွဲ့လိုက်သော ပစ္စည်းများ .... .... .... ၇၃
၅၇ မင်္ဂလာဆောင် သတို့သမီးအား ဆုံးမ၍ပို့ခဏ်း.... .... ၇၆
၅၈ ဝိသာခါ လောကဝတ် ကြေပြန့်ခြင်း .... .... ၇၇
၅၉ ဝိသာခါ အမှုရောက်ပုံ .... .... .... ၇၉

မာတိကာ　　　　　　　　　　　　　　　　　　စာမျက်နှာ

၆၀ ဝိသာခါ၌ ပြစ်မှုမရှိခြင်း .... .... .... ၈၁
၆၁ ဩဝါဒဆယ်ပါးအနက် အဓိပ္ပါယ်အကျယ် .... .... ၈၃
၆၂ ချွေးမအား တောင်းပန်ခြင်းနှင့် ဘုရားပင့် ခွင့်ပြုခြင်း .... ၈၆
၆၃ အစေလကတက္ကတွန်းတို့ ဩဇာကြီးခြင်း .... .... ၈၇
၆၄ မိဂါရသူဌေးကြီးက မိခင်အလား အားထားပုံ.... .... ၈၉
၆၅ ဝိသာခါ၏ အခြံအရံအကြောင်း .... .... .... ၉၁
၆၆ ဝိသာခါကို ဆင်ပြောင်ဖြင့် ခွန်အားစမ်းခြင်း .... .... ၉၂
၆၇ မဟာလတာတန်းဆာ မေ့ကျန်ရစ်ခြင်း .... .... ၉၃
၆၈ သုပ္ပိယာဒါယိကာမ၏ စေတနာထက်သန်ပုံ .... .... ၉၄
၆၉ မဟာလတာ တန်းဆာကို ရောင်း၍ ဘုရားအား
လျှောက်ထားခြင်း .... .... .... .... ၉၅
၇၀ ဘုရားရှင်၏ မိန့်ခွန်းတော်အတိုင်း ကျောင်းဆောက်ခြင်း .... ၉၇
၇၁ ရှင်မောဂ္ဂလာန်စီမံပေးခြင်း .... .... .... ၉၈
၇၂ အဆွေခင်ပွန်းမတယောက် ကုသိုလ်ပါဝင်ခြင်း.... .... ၉၉
၇၃ ကျောင်းသာစုခေါ်ခြင်း .... .... .... ၁၀၀
၇၄ ဝိသာခါ၏ ဥဒါန်းဂါထာများ .... .... .... ၁၀၁
၇၅ ဝိသာခါ၏ ရှေးကောင်းမှု ဆုတောင်း .... .... ၁၀၃
၇၆ ကိကီမင်းကြီး၏သ္မီး သံဃဒါသီဖြစ်ခြင်း .... .... ၁၀၅
၇၇ ဒေသနာတော် .... .... .... .... ၁၀၆
၇၈ ဒေသနာတော်၌ မှတ်ဘွယ်အဓိပ္ပါယ် .... .... ၁၀၆
၇၉ ဒေသနာတော်၏အကျိုး .... .... .... ၁၀၇

၉—အာနန္ဒာမထေရ်၏ ပြဿနာဝတ္ထု .... .... .... ၁၀၇

၈၀ လေအောက် လေထက် မွှေးကြိုင်သော နံ့သာ .... ၁၀၇
၈၁ ဒေသနာတော် .... .... .... .... ၁၁၀
၈၂ ဒေသနာတော်၏အကျိုး .... .... .... ၁၁၁

| မာတိကာ | စာမျက်နှာ |
| --- | --- |


၃—အာနန္ဒာသူဌေးကြီးဝတ္ထု .... .... .... ၁၆၈

၁၂၈ အာနန္ဒာ သူဌေးကြီးသေ၍ လူ့ပြိတ္တာ ဖြစ်ခြင်း .... ၁၆၉

၁၂၉ ဘဝဟောင်းက ရွှေအိုးများ ဖော်ပြခြင်း .... .... ၁၇၀

၁၃၀ ဒေသနာတော် .... .... .... .... ၁၇၂

၁၃၁ ဒေသနာတော်၏အကျိုး .... .... .... ၁၇၂

၄—အထုပ်ဖြေတတ်သော ခိုးသူနှစ်ယောက်ဝတ္ထု .... .... ၁၇၂

၁၃၂ ခါးပိုက်နှိုက်သမား သောတာပန် တည်ခြင်း .... .... ၁၇၃

၁၃၃ ဒေသနာတော် .... .... .... .... ၁၇၃

၁၃၄ ဒေသနာတော်၌ မှတ်ဘွယ် .... .... .... ၁၇၄

၁၃၅ ဒေသနာတော်၏အကျိုး .... .... .... ၁၇၄

၅—အရှင်ဥဒါယီ မထေရ်ဝတ္ထု .... .... .... ၁၇၄

၁၃၆ တရားမရဘဲ ပလ္လင်ထိုင်ခြင်း .... .... .... ၁၇၄

၁၃၇ ဒေသနာတော် .... .... .... .... ၁၇၅

၁၃၈ ဒေသနာတော်၏အကျိုး .... .... .... ၁၇၅

၆—သုံးကျိပ်မျှသော ပါဝေယျကတိုင်းသား ရဟန်းတို့ဝတ္ထု .... ၁၇၆

၁၃၉ တခဏဖြင့် တရားသိခြင်း .... .... .... ၁၇၆

၁၄၀ ဒေသနာတော် .... .... .... .... ၁၇၇

၁၄၁ ဒေသနာတော်၏အကျိုး .... .... .... ၁၇၇

၇—သုပ္ပဗုဒ္ဓ လူနူဝတ္ထု .... .... .... .... ၁၇၇

၁၄၂ တရားခုနစ်ပါးဆောင် သေအောင်မမဲ့ခြင်း .... .... ၁၇၇

၁၄၃ သုပ္ပဗုဒ္ဓ နွားဝှေ့ခြင်း အတိတ်ကံ.... .... .... ၁၇၉

၁၄၄ ဒေသနာတော် .... .... .... .... ၁၈၁

၁၄၅ ဒေသနာတော်၏အကျိုး .... .... .... ၁၈၂

| မာတိကာ | စာမျက်နှာ |
|---|---|
| ၈—လယ်ထွန်ယောကျ်ားဝတ္ထု .... .... .... | ၁၈၂ |
| ၁၄၆ ငွေထုပ်လော မြွေဆိုးလော မှတ်သားဘွယ် .... .... | ၁၈၂ |
| ၁၄၇ ဘုရားကြောင့် အသက်ဘေးမှ ချမ်းသာခြင်း .... .... | ၁၈၄ |
| ၁၄၈ ဒေသနာတော် .... .... .... .... | ၁၈၆ |
| ၁၄၉ ဒေသနာတော်၏အကျိုး .... .... .... | ၁၈၆ |
| ၉—သုမနပန်းသည်ဝတ္ထု .... .... .... .... | ၁၈၆ |
| ၁၅၀ အသက်မငဲ့ဘဲ စွန့်စားကာ လှူဒါန်းခြင်း .... .... | ၁၈၆ |
| ၁၅၁ ဘုရားရှင် တန်းခိုးတော်၏ အံ့ဩဘွယ် .... .... | ၁၈၈ |
| ၁၅၂ လင်အလှူရဲခြင်းကြောင့် မယားစိတ်ပူပန်ခြင်း.... .... | ၁၉၀ |
| ၁၅၃ သုမနပန်းသည် သဗ္ဗဋ္ဌက ဆုရခြင်း .... .... | ၁၉၂ |
| ၁၅၄ ပစ္စေကဗောဓိဆု ဗျာဒိတ်ပေးခြင်း .... .... | ၁၉၃ |
| ၁၅၅ ဒေသနာတော် .... .... .... .... | ၁၉၅ |
| ၁၅၆ ဒေသနာတော်၏အကျိုး .... .... .... | ၁၉၅ |
| ၁၀—ဥပ္ပလဝဏ်ထေရီမဝတ္ထု .... .... .... | ၁၉၅ |
| ၁၅၇ သိမ်းလျှံ၍ နိမိတ်ယူ၍ ရဟန္တာမဖြစ်ခြင်း .... .... | ၁၉၅ |
| ၁၅၈ နန္ဒလုလင်ပြစ်မှား၍ မြေမျိုခြင်း .... .... | ၁၉၇ |
| ၁၅၉ ဒေသနာတော် .... .... .... | ၁၉၈ |
| ၁၆၀ ဒေသနာတော်၏အကျိုး .... .... .... | ၁၉၈ |
| ၁၆၁ ဘိက္ခုနီမတို့ ရွာ၌သာနေရန် စီမံခြင်း .... .... | ၁၉၉ |
| ၁၁—ဇမ္ဗုကမထေရ်ဝတ္ထု .... .... .... | ၂၀၀ |
| ၁၆၂ ဒါယကာအပေါ် မကျေနပ်၍ ရဟန္တာအား ဆဲရေးမိခြင်း.... | ၂၀၁ |
| ၁၆၃ ဒါယကာနှင့်စပ်၍ ဝန်တိုခြင်း .... .... .... | ၂၀၂ |
| ၁၆၄ မကောင်းကျိုး ရရှိပုံ .... .... .... | ၂၀၄ |
| ၁၆၅ သားပျက်ကို အာဇီဝကပြုစေခြင်း .... .... | ၂၀၄ |
| ၁၆၆ အာဇီဝကတို့က နှင်ထုတ်ခြင်း .... .... .... | ၂၀၆ |

| မာတိကာ | | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၆၇ ဘုရားဉာဏ်တော်၌ ထင်လာ၍ ကြွသွားခြင်း.... | | | .... | ၂၀၇ |
| ၁၆၈ ဘုရားထံ နတ်မင်း သိကြား ပြဟ္မာတို့လာကြခြင်း | | | .... | ၂၀၉ |
| ၁၆၉ ဇမ္ဗုကရဟန္တာဖြစ်၍ ဝင့်ကျွတ်ခဏ်း | | .... | .... | ၂၁၁ |
| ၁၇၀ ဇမ္ဗုကမထေရ် တန်းခိုးပြခြင်း | .... | .... | .... | ၂၁၃ |
| ၁၇၁ ဒေသနာတော် | .... | .... | .... | ၂၁၄ |
| ၁၇၂ ဒေသနာတော်၏အကျိုး | .... | .... | .... | ၂၁၅ |
| **၁၂—မြေပြိတ္တာဝတ္ထု** | .... | .... | .... | ၂၁၅ |
| ၁၇၃ မြေပြိတ္တာ၏ ဆင်းရဲခြင်း | .... | .... | .... | ၂၁၅ |
| ၁၇၄ သံဃာ့ဦးစား၍ ဂျီးပြိတ္တာဖြစ်ရခြင်း | | .... | .... | ၂၁၆ |
| ၁၇၅ ကျောင်းမီးရှို့သဖြင့် မြေပြိတ္တာဖြစ်ခြင်း | | .... | .... | ၂၁၈ |
| ၁၇၆ ဒေသနာတော် | .... | .... | .... | ၂၂၀ |
| ၁၇၇ ဒေသနာတော်၏အကျိုး | .... | .... | .... | ၂၂၀ |
| **၁၃—သဋ္ဌိကူဋပြိတ္တာဝတ္ထု** | .... | .... | .... | ၂၂၁ |
| ၁၇၈ တူမခြောက်သောင်း အထုခံရသောပြိတ္တာ | | .... | .... | ၂၂၁ |
| ၁၇၉ ပုရောဟိတ်ခံတွင်း ဆိတ်မစင် ပစ်သွင်းခြင်း .... | | | .... | ၂၂၂ |
| ၁၈၀ အတတ်ပညာ အသုံးမှားသဖြင့် ပြိတ္တာဖြစ်ခြင်း | | | .... | ၂၂၄ |
| ၁၈၁ ဒေသနာတော် | .... | .... | .... | ၂၂၆ |
| ၁၈၂ ဒေသနာတော်၏အကျိုး | .... | .... | .... | ၂၂၇ |
| **၁၄—စိတ္တသူကြွယ်ဝတ္ထု** | .... | .... | .... | ၂၂၇ |
| ၁၈၃ စိတ္တသူကြွယ်သည် အာဂန္တုတို့အား ဆွမ်းစားပင့်ခြင်း | | | .... | ၂၂၇ |
| ၁၈၄ သုဓမ္မရဟန်း ဒါယကာကို အမျက်ထွက်ခြင်း .... | | | .... | ၂၂၈ |
| ၁၈၅ ဒေသနာတော် | .... | .... | .... | ၂၃၀ |
| ၁၈၆ ဒေသနာတော်၏အကျိုး | .... | .... | .... | ၂၃၃ |
| ၁၈၇ သုဓမ္မမထေရ် ရဟန္တာဖြစ်ခြင်း | .... | .... | .... | ၂၃၃ |
| ၁၈၈ စိတ္တသူကြွယ် သာဝတ္ထိပြည်သို့ ဘုရားဖူးသွားခြင်း | | | .... | ၂၃၃ |

မာတိကာ　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


၁၇၉ စိတ္တသူကြွယ် ဘုရားဖူးစဉ် ပန်းမိုးဆီးရွာခြင်း .... .... ၂၃၄
၁၈၀ ဘုရားအထံ၌ တလတိတိနေ၍ အလှူလှူခြင်း .... ၂၃၆
၁၈၁ ဘုရားဖူးအပြန် ရတနာခုနစ်ပါး အပြည့်ရခြင်း .... ၂၃၇
၁၈၂ မူဆိုးဘ၀ ရှေးကောင်းမှုသုတေ႒ာင်း .... .... ၂၃၈

၁၅—၀နဝါသီ တိဿသာမဏေ၀တ္ထု .... .... .... ၂၄၀

၁၈၃ မဟာသေနပုဏ္ဏားကြီး ဆင်းရဲခိုက် အလှူပေးခြင်း .... ၂၄၀
၁၈၄ မဟာသေနပုဏ္ဏား တဖြစ်လဲ ကျေးဇူးသိတတ်ခြင်း .... ၂၄၂
၁၈၅ တိဿအမည်မှည့်ခြင်းနှင့် ကျောင်းတော်သို့ပို့ခြင်း .... ၂၄၄
၁၈၆ ရှင်ပြုခြင်းနှင့် အမည်ထူးရခြင်း .... .... .... ၂၄၅
၁၈၇ ကမ္ဗလာအလှူခံကြွခြင်းနှင့် သဝန်တိုသောသူ .... .... ၂၄၇
၁၈၈ ခုနစ်နှစ်အရွယ်တွင် ကမ္ဗလာတထောင်ရခြင်း .... .... ၂၄၈
၁၈၉ ခုနစ်နှစ်သားအတွင်းတောနေသဖြင့် လေးမည်ရခြင်း .... ၂၅၀
၂၀၀ တောကျောင်းနေ ကိုရင်တိဿ ရဟန္တာဖြစ်ခြင်း .... ၂၅၁
၂၀၁ ရှင်သာရိပုတြာစသော သံဃာလေးထောင်ကြွရောက်ခြင်း ၂၅၂
၂၀၂ အမိန့်အရ လက်သုံးဆုပေးနှစ်ပုဒ် တရားချဲ့ဟောခြင်း .... ၂၅၄
၂၀၃ တရားအဆုံးအချိုးအမျက်ထွက်သဖြင့် ဘုရားကြွခြင်း .... ၂၅၅
၂၀၄ ဘုရားရှင် စေ့စပ်ရေးဟောသဖြင့် ကြေနပ်ကြခြင်း .... ၂၅၇
၂၀၅ သမုဒြာမြင်ရာ၌ ကိုရင်တိဿဆင်ခြင်ပုံ .... .... ၂၅၈
၂၀၆ အိပ်ရာနေရာ၌ ကိုရင်တိဿဆင်ခြင်ပုံ .... .... ၂၅၉
၂၀၇ မသေဘူးသော အရပ်၌ ပရိနိဗ္ဗာန်စံသော ရှင်အာနန္ဒာ အကြောင်း .... .... .... .... ၂၆၁
၂၀၈ ကိုရင်တိဿ တော၌ မွေ့လျော်ခြင်းနှင့်ဘုရားပြန်ကြွခြင်း .... ၂၆၃
၂၀၉ အစည်းအဝေး၌ ရဟန်းတို့ပြောသောစကား .... .... ၂၆၃
၂၁၀ ဒေသနာတော် .... .... .... .... ၂၆၅
၂၁၁ ဒေသနာတော်၌ မှတ်ဘွယ်အဓိပ္ပါယ် .... .... ၂၆၅
၂၁၂ ဒေသနာတော်၏အကျိုး .... .... .... ၂၆၆

မာတိကာ စာမျက်နှာ

## ၆—ပဏ္ဍိတဝဂ်


**၁—ရာဓမထေရ်ဝတ္ထု** .... .... .... .... ၂၆၇
၂၁၃ ပုဏ္ဏားအိုရ်၏ကျေးဇူးကို ရှင်သာရိပုတြာသိတော်မူပုံ .... ၂၆၇
၂၁၄ သူ့ကျေးဇူးသိဘူးပုံ အလိနစိတ္တဇာတ်အမြွက် .... ၂၆၉
၂၁၅ ဒေသနာတော် .... .... .... .... ၂၇၁
၂၁၆ ဒေသနာတော်၌ မှတ်ဘွယ်အဓိပ္ပါယ် .... .... ၂၇၁
၂၁၇ ဒေသနာတော်၏အကျိုး .... .... .... ၂၇၂
**၂—အဿဇိပုနဗ္ဗသုကရဟန်းတို့ဝတ္ထု** .... .... .... ၂၇၃
၂၁၈ ဆုံးမတတ်သူ လူမိုက်မုန်းခြင်း .... .... .... ၂၇၃
၂၁၉ ဒေသနာတော် .... .... .... .... ၂၇၄
၂၂၀ ဒေသနာတော်၏အကျိုး .... .... .... ၂၇၄
**၃—ဆန္နမထေရ်ဝတ္ထု** .... .... .... .... ၂၇၅
၂၂၁ ဂုဏ်ကြီးသူအား အဆဲသန်ခြင်း .... .... .... ၂၇၅
၂၂၂ ဒေသနာတော် .... .... .... .... ၂၇၅
၂၂၃ ဒေသနာတော်၏အကျိုး .... .... .... ၂၇၆
၂၂၄ ပြဟ္မဒဏ်ခံရမှ ရဟန္တာဖြစ်ခြင်း .... .... .... ၂၇၆
**၄—မဟာကပ္ပိနမထေရ်ဝတ္ထု** .... .... .... ၂၇၇
၂၂၅ ရက်ကန်းသည်တထောင်ပစ္စေကဗုဒ္ဓါတို့အားကိုးကွယ်ခြင်း ၂၇၇
၂၂၆ ကဿပဘုရားလက်ထက် ကျောင်းဆောက်လှူဒါန်းခြင်း .... ၂၇၉
၂၂၇ ယခုဘုရားလက်ထက် ကပ္ပိနမင်းကြီးစသည်ဖြစ်ခြင်း .... ၂၈၁
၂၂၈ ရတနာသုံးပါး သတင်းကြား၍ သုံးသိန်းဆုတော်ချခြင်း .... ၂၈၃
၂၂၉ မင်းစည်းစိမ်စွန့်၍ တောထွက်ခြင်း .... .... ၂၈၄
၂၃၀ မြတ်စွာဘုရားကြွသွား၍ ကြိုဆိုခြင်း .... .... ၂၈၅
၂၃၁ ဂုဏ်တော်အာရုံမြူလျက် မြစ်သုံးတန်မြင်းဖြင့်ကူးခြင်း .... ၂၈၅
၂၃၂ ဘုရားထံရောက်၍ ဧဟိဘိက္ခု ရဟန်းဖြစ်ကြခြင်း .... ၂၈၇
၂၃၃ အနောဇာဒေဝီမိဖုယား သုံးဆဆုချခြင်း .... .... ၂၈၈

မာတိကာ　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


၂၃၄ အနေ့ာဇာဒေဝီ ရထားစီး၍ တောထွက်ရာမြစ်ကိုကူးခြင်း.... ၂၉၀

၂၃၅ အနောဇာ ဒေဝီတို့ သောတာပန်- မဟာကပ္ပိနတို့ ရဟန္တာဖြစ်ခြင်း ၂၉၁

၂၃၆ အနောဇာဒေဝီတို့ ရဟန်းပြု၍ ရဟန္တာမဖြစ်ကြခြင်း .... ၂၉၃

၂၃၇ ဒေသနာတော် .... .... .... .... ၂၉၄

၂၃၈ ဒေသနာတော်၏အကျိုး .... .... .... ၂၉၅

၅–ပဏ္ဍိတသာမဏေဝတ္ထု .. .... .... .... ၂၉၅

၂၃၉ ကဿပ ဘုရားလက်ယက် နိဗ္ဗာန်ဆော် စာရင်းယူခြင်း .... ၂၉၅

၂၄၀ မဟာဒုဂ် ရဟန်းတပါးအတွက် တာဝန်ခံခြင်း .... .... ၂၉၇

၂၄၁ မဟာဒုဂ် လင်မယား ထင်းပေါက်ဆန်ဖွပ်ကြခြင်း .... ၂၉၈

၂၄၂ ဆွမ်းကျေးရန် ငါးကြင်းလေးကောင် တံငါသည်က ပေးခြင်း ၃၀၀

၂၄၃ ဘုရားနှင့် သိကြားမင်းတို့ မဟာဒုဂ်ကို ကြည့်ရှုခြင်း .... ၃၀၁

၂၄၄ မဟာဒုဂ်သံဃာမရ၍ ကျောင်းတော်သို့သွားခြင်း .... ၃၀၃

၂၄၅ မဟာဒုဂ် ဘုရားသပိတ်တော်ရလာခြင်း .... .... ၃၀၄

၂၄၆ မဟာဒုဂ်အိမ်ကုပ်၌ကဿပဘုရားအားမင်းကြီးလျှောက်ကြားပုံ ၃၀၆

၂၄၇ ရတနာမိုဃ်းရွာ၍ မဟာဒုဂ်သူဌေးကြီးဖြစ်ခြင်း .... ၃၀၇

၂၄၈ ယခုဘုရားလက်ထက် အမျိုးသားပဏ္ဍိတဖြစ်လာခြင်း .... ၃၀၈

၂၄၉ မဟာဒုဂ်တဖြစ်လဲ မောင်ပဏ္ဍိတရှင်ပြုခြင်း .... .... ၃၁၀

၂၅၀ ရေမြောင်းစသည် မြင်ရာ ကိုရင်ပဏ္ဍိတဆင်ခြင်ပုံ .... ၃၁၁

၂၅၁ တရားအားထုတ်သောရှင်ပဏ္ဍိတအားသိကြားစောင့်ရှောက်ပုံ ၃၁၃

၂၅၂ အောက်ဖိုလ်သုံးပါးရ၍ဘုရားရှင်ကြွသွားစောင့်ရှောက်ပုံ.... ၃၁၄

၂၅၃ ပြဿနာလေးပါး ဖြေဆိုစဉ် ရဟန္တာဖြစ်ခြင်း .... .... ၃၁၅

၂၅၄ နေလွဲမှဆွမ်းစားသည်ဟု ကဲ့ရဲ့ကြခြင်း ... .... ၃၁၆

၂၅၅ ဒေသနာတော် .... .... .... .... ၃၁၈

၂၅၆ ဒေသနာတော်၏အကျိုး .... .... .... ၃၁၈

၆–လကုဏ္ဍကဘဒ္ဒိယပထေရ်ဝတ္ထု .... .... .... ၃၁၈

၂၅၇ ရဟန္တာအား တုန်လှုပ်ခြင်းမရှိကြောင်း .... .... ၃၁၉

မာတိကာ　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

## ၇—အရဟန္တဝဂ်


၁—ဓနိယပဉ္စဝတ္ထု .... .... .... .... ၃၃၆

၂၇၈ အနာသေးစည်းခြင်းကြောင့် အပူကို မေးလျှောက်ခြင်း ၃၃၆
၂၇၉ ဒေသနာတော် .... .... .... .... ၃၃၇
၂၈၀ ဒေသနာတော်၏အကျိုး .... .... .... ၃၃၈

၂—မဟာကဿပမထေရ်ဝတ္ထု .... .... .... ၃၃၈

၂၈၁ အရှင်မဟာကဿပအား ရဟန်းတို့ကဲ့ရဲ့ခြင်း .... ၃၃၈
၂၈၂ ရွှေလမင်းနှင့်တူကြောင်း ဘုရားချီးမွမ်းခြင်း .... .... ၃၄၀
၂၈၃ ဒေသနာတော် .... .... .... .... ၃၄၁
၂၈၄ ဒေသနာတော်၏အကျိုး .... .... .... ၃၄၂

၃—ဗေလဋ္ဌသီသ မထေရ်ဝတ္ထု .... .... .... ၃၄၂

၂၈၅ ထမင်းခြောက်လှမ်းသဖြင့် သိက္ခာပုဒ်ပညတ်ခြင်း .... ၃၄၂
၂၈၆ ဒေသနာတော် .... .... .... .... ၃၄၃
၂၈၇ ဒေသနာတော်၏အကျိုး .... .... .... ၃၄၄

၄—အနုရုဒ္ဓါ မထေရ်ဝတ္ထု .... .... .... .... ၃၄၄

၂၈၈ သင်္ကန်းချုပ်ရာ၌ ဘုရားရှင်အပ်နဖါးထိုးပေးခြင်း .... ၃၄၅
၂၈၉ ဒေသနာတော် .... .... .... .... ၃၄၆
၂၉၀ ဒေသနာတော်၏အကျိုး .... .... .... ၃၄၇

၅—မဟာကစ္စာယနမထေရ်ဝတ္ထု .... .... .... ၃၄၇

၂၉၁ သိကြားနတ်မင်းတို့ ချစ်ခင်မြတ်နိုးခြင်း .... .... ၃၄၇
၂၉၂ ဒေသနာတော် .... .... .... .... ၃၄၉
၂၉၃ ဒေသနာတော်၏အကျိုး .... .... .... ၃၄၉

မာတိကာ စာမျက်နှာ

**၆—အရှင်သာရိပုတြာမထေရ်ဝတ္ထု .... .... .... ၃၄၉**

၂၉၄ အရှင်သာရိပုတြာအပေါ်၌ ရိုက်မှုဖြင့် စွဲဆိုခြင်း .... ၃၄၉
၂၉၅ အရှင်သာရိပုတြာ ထုချေရာ၌ မြေလှုပ်ခြင်း .... .... ၃၅၀
၂၉၆ စွပ်စွဲသောရဟန်း တောင်းပန်ခြင်း .... .... ၃၅၁
၂၉၇ ဒေသနာတော် .... .... .... .... ၃၅၂
၂၉၈ ဒေသနာတော်၌ မှတ်ဘွယ် .... .... .... ၃၅၃
၂၉၉ ဒေသနာတော်၏အကျိုး .... .... .... ၃၅၃

**၇—ကောသမ္ဗီဝါသီတိဿမထေရ်၏သာမဏေဝတ္ထု .... .... ၃၅၄**

၃၀၀ တပည့်လိမ္မာ ဆရာ အာပတ်လွတ်ခြင်း .... .... ၃၅၄
၃၀၁ တပည့်မျက်စိပျက်၍ ဆရာပင်ပန်းခြင်း .... .... ၃၅၅
၃၀၂ ဒေသနာတော် .... .... .... .... ၃၅၈
၃၀၃ ဒေသနာတော်၏အကျိုး .... .... .... ၃၅၈

**၈—အရှင်သာရိပုတြာမထေရ်ဝတ္ထု (ဒုတိယ) .... .... ၃၅၈**

၃၀၄ အရှင်သာရိပုတြာ မိစ္ဆာအယူ မစွန့်သေးဟုဆိုခြင်း .... ၃၅၈
၃၀၅ ဒေသနာတော် .... .... .... .... ၃၆၀
၃၀၆ စကားထာဝှက်ပဟေဠိအနက် .... .... .... ၃၆၀
၃၀၇ ဒေသနာတော်၏အကျိုး .... .... .... ၃၆၀

**၉—ရှားတောနေရှင်ရေဝတမထေရ်ဝတ္ထု .... .... ၃၆၁**

၃၀၈ ခုနစ်နှစ်သားရေဝတ မင်္ဂလာဆောင်ပွဲ .... .... ၃၆၁
၃၀၉ ရေဝတသတို့သား ထွက်ပြေး၍သာမဏေပြုခြင်း .... ၃၆၂

မာတိကာ　　　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


၃၄၁　ရှင်သာရိပုတြာနှင့် တွေ့၍ အယူဝါဒ ပြောဆိုခြင်း .... ၃၉၈
၃၄၂　ရဟန်းမိန်းမပြု၍ ရဟန္တာမ ဖြစ်ခြင်း .... .... ၄၀၀
၃၄၃　ဒေသနာတော် .... .... .... .... ၄၀၁
၃၄၄　ဒေသနာတော်၏အကျိုး .... .... .... ၄၀၁

**၄—အနုတ္ထပုစ္ဆက ပုဏ္ဏားဝတ္ထု** .... .... .... ၄၀၂
၃၄၅　ဒေသနာတော် .... .... .... .... ၄၀၃
၃၄၆　ဒေသနာတော်၏အကျိုး .... .... .... ၄၀၄

**၅—အရှင်သာရိပုတြာ၏ ဦးရိုးပုဏ္ဏားကြီးဝတ္ထု** .... .... ၄၀၄
၃၄၇　ဗြဟ္မာ့ပြည်တောင့်တ၍ တက္ကတွန်းအားလျှုခြင်း .... ၄၀၄
၃၄၈　ဒေသနာတော် .... .... .... .... ၄၀၅
၃၄၉　ဒေသနာတော်၏အကျိုး .... .... .... ၄၀၆

**၆—အရှင်သာရိပုတြာ၏ တူဝတ္ထု** .... .... .... ၄၀၆
၃၅၀　ဗြဟ္မာ့ပြည်တောင့်တ၍ သားကောင်ဖြင့် မီးပူဇော်ခြင်း .... ၄၀၆
၃၅၁　ဒေသနာတော် .... .... .... .... ၄၀၇
၃၅၂　ဒေသနာတော်၏အကျိုး .... .... .... ၄၀၈

**၇—အရှင်သာရိပုတြာ၏ အဘော်ပုဏ္ဏားဝတ္ထု** .... .... ၄၀၈
၃၅၃　ဗြဟ္မာ့ပြည်တောင့်တ၍ ယဇ်ကြီးပူဇော်ခြင်း .... ၄၀၈
၃၅၄　ဒေသနာတော် .... .... .... .... ၄၀၉
၃၅၅　ဒေသနာတော်၏အကျိုး .... .... .... ၄၀၉

**၈—အာယုဝဍ္ဍနသတို့သားဝတ္ထု** .... .... .... ၄၁၀
၃၅၆　အန္တရာယ် မကင်းသဖြင့် ဆုမပေးခြင်း .... .... ၄၁၀
၃၅၇　အန္တရာယ်ကင်းအောင် ပရိတ်ရွတ်ခြင်း .... .... ၄၁၁
၃၅၈　အသက်တရာ့နှစ်ဆယ်ရှည်မည်ဆိုခြင်း .... .... ၄၁၃

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၃၅၉ | ဒေသနာတော် .... .... .... .... | ၄၁၄ |
| ၃၆၀ | ဒေသနာတော်၏အကျိုး .... .... .... | ၄၁၄ |
| **၉—သံကိစ္စသာမဏေဝတ္ထု** | .... .... .... | ၄၁၄ |
| ၃၆၁ | ဖြစ်လတ္တံ့သော ဘေးရန်ကို မြင်သိတော်မူခြင်း .... | ၄၁၅ |
| ၃၆၂ | ရဟန္တာမဖြစ်ဘဲ မသေသေးသောပုဂ္ဂိုလ်ထူး .... .... | ၄၁၅ |
| ၃၆၃ | သံကိစ္စသာမဏေ တောကျောင်းသို့ ထည့်လိုက်ခြင်း .... | ၄၁၇ |
| ၃၆၄ | ဝါဆိုနေ့၌ ကတိကဝတ်ပြုပုံ .... .... .... | ၄၁၉ |
| ၃၆၅ | စားကြွင်းစားခေါ် လူဆင်းရဲရောက်လာခြင်း .... .... | ၄၁၉ |
| ၃၆၆ | ခိုးသူဘေးကြောင့် စားကြွင်းစားကျေးဇူးကန်းပုံ .... | ၄၂၁ |
| ၃၆၇ | ခိုးသူဘေးကြောင့်ရဟန်းသုံးကျိပ်တိုင်ပင်ခြင်း.... .... | ၄၂၂ |
| ၃၆၈ | သံကိစ္စသာမဏေကို ခိုးသူတို့ ရက်စက်စွာပြုပုံ .... .... | ၄၂၃ |
| ၃၆၉ | သန်လျက်အသွား လိပ်သဖြင့် အချင်းချင်း တိုင်ပင်ပုံ .... | ၄၂၅ |
| ၃၇၀ | ခိုးသားငါးရာတို့ ရဟန်းပြုကြခြင်း .... .... | ၄၂၇ |
| ၄၇၁ | ဒေသနာတော် .... .... .... .... | ၃၂၈ |
| ၃၇၂ | ဒေသနာတော်၏အကျိုး .... .... .... | ၄၂၈ |
| ၃၇၃ | အဓိမုတ္တသာမဏေ၏ ခိုင်ခံ့သောသစ္စာ .... .... | ၄၂၉ |
| **၁၀—ခါဏုကောဏ္ဍညမထေရ်ဝတ္ထု** | .... .. .... | ၄၃၀ |
| ၃၇၄ | သစ်ငုတ်ဟု ထင်ရလောက်အောင် တည်ကြည်ပုံ .... | ၄၃၀ |
| ၃၇၅ | ဒေသနာတော် .... .... .... .... | ၄၃၂ |
| ၃၇၆ | ဒေသနာတော်၏အကျိုး .... .... .... | ၄၃၂ |
| **၁၁—သပ္ပဒါသမထေရ်ဝတ္ထု** | .... .... .... .... | ၄၃၂ |
| ၃၇၇ | မြွေဆိုး မကိုက်သောရဟန်း .... .... .... | ၄၃၃ |
| ၃၇၈ | လည်ပင်းကိုချိန်လျက် ကိလေသာကို လှီးခြင်း.... .... | ၄၂၄ |

ဉာဏ်ဖြင့် ဝေဘန်ရွေးချယ်နိုင်လတ္တံ့။ ယမလောကဥ္စ၊ အပါယ်လေးဘုံကိုလည်းကောင်း။ သဒေဝကံ၊ နတ်ဘုံပြဟ္မာဘုံနှင့်တကွသော။ ဣမံလောကဥ္စ၊ ဤလူ့ဘုံကိုလည်းကောင်း။ သေခေါ၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်သည်။ ဝိစေဿတိ၊ မိမိဉာဏ်ဖြင့် ဝေဘန်ရွေးချယ်နိုင်လတ္တံ့။ ကုသလော၊ လိမ္မာသော ပန်းသည်သည်။ ပုပ္ဖံ၊ ပန်းပွင့်ကို။ ဝိစိနာတိဣဝ၊ ဝေဘန်ရွေးချယ်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သေခေါ၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်သည်။ သုဒေသိတံ၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မပဒံ၊ ဗောဓိပက္ခိယ ဓမ္မဟူသော တရားအစုကို။ ဝိစေဿတိ၊ မိမိဉာဏ်ဖြင့် ဝေဘန်ရွေးချယ်လတ္တံ့။

## ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏အဆုံး၌ ငါးရာသောရဟန်းတို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

မြေကြီးနှင့်စပ်သောစကား ပြောကြားလေ့ရှိသော
ရဟန်းငါးရာဝတ္ထု ပြီး၏။

---

## ၂—တံလှပ်ပမာ ကမ္မဋ္ဌာန်းကိုရှုသော မထေရ်ဝတ္ထု

ဖေဏူပမံ - အစရှိသော ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ နေတော်မူစဉ် အမှတ်မရှိတပါးသော တံလှပ်ပမာပါတကားဟု ကမ္မဋ္ဌာန်းရှုလေ့ရှိသော ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူလေ၏။

### မိမိကိုယ်ကို တံလှပ်ပမာ ရေမြှုပ်ပမာ ဆင်ခြင်ပုံ

ထိုရဟန်းသည် ဘုရားရှင်၏အထံတော်၌ ကမ္မဋ္ဌာန်းယူ၍ ရဟန်းတရားကို အားထုတ်အံ့ဟု တောအုပ်သို့ဝင်ပြီးလျှင် ဇွဲဆော်လုံ့လဝီရိယဖြင့် အားထုတ်ပါသော်လည်း အရဟတ္တဖိုလ်သို့ရောက်ခြင်းငှါ မတတ်နိုင်ခြင်းကြောင့် အထူးပြု၍ ကမ္မဋ္ဌာန်းကို ဟောပြစေဦးအံ့ဟု ဘုရားရှင်၏အထံတော်သို့ ပြန်လာသည်ရှိသော် ခရီးအကြား၌ [1]တံလှပ်ကိုမြင်လေလျှင် နွေအခါ၌ဖြစ်လေ့ရှိသော ဤတံလှပ်သည်

---

၁ တံလှပ်— နွေဥတုအခါ၌ ပူပြင်းသောကြောင့်၎င်း မျက်စိအားလျော့ခြင်းကြောင့်၎င်း ရေကဲ့သို့၎င်း အခိုးအငွေ့ကဲ့သို့၎င်း မြင်သည်ဟု ထင်ရသောသဘောတည်း။

ဖြစ်ကုန်၏။ ဘုရားတော်တို့သည် ဝေးသောအရပ်၌ နေကုန်၏။ ထို့ကြောင့် တစုံတခုကို မပို့နိုင်ကြကုန်ဟုဆို၍ လှည့်ပတ်ဖြားယောင်း ထားလေ၏။ တဖန် တဆဲ့ခြောက်နှစ် အရွယ်ရှိသောအခါ၌ မယ်တော် မယ်တော်၏ ဘုရားတော်မျိုးကို ဖူးမြင်လိုပါသည်ဟု ပြောဆိုခြင်းကြောင့် ငါ့သားမသင့် ထိုကပိလဝတ်ပြည်သို့ သွား၍ အဘယ်အမှုပြုလတ္တံ့နည်းဟု တားမြစ်ပါသော်လည်း အဖန်တလဲလဲ တောင်းပန်လေ၏။ထိုအခါ ဝိဋ္ဋူဘမင်းသား၏ မိခင်သည်ထိုသို့ဖြစ်မူ သွားလေ တော့ဟု ဝန်ခံ၍ ခွင့်ပြုလေ၏။ ဝိဋ္ဋူဘမင်းသားသည် ခမည်းတော် မင်းကြီး အား ပန်ကြား၍ များစွာသောအခြံအရံနှင့် ထွက်သွားလေ၏။ ဝါသဘခတ္တိယာ မင်းသမီးသည်လည်း ရှေးဦးစွာ ဆောင်းပါးစာလွှာကို ပို့လိုက်လေ၏။ ဘုရား ကျွန်တော်မကား ဤသာဝတ္ထိပြည်၌ ချမ်းသာစွာ နေရပါ၏ အရှင် သာကီဝင် မင်းတို့သည် ဝိဋ္ဋူဘ မင်းသားကလေးအား တစုံတခုခြားနားမှုကို မပြုကြပါ ကုန်လင့်ဟု စာလွှာဖြင့် တောင်းပန်လိုက်လေ၏။ သာကီဝင် မင်းတို့သည်လည်း ဝိဋ္ဋူဘ၏လာခြင်းကို သိနှင့်၍ ရှိခိုးခြင်းငှါမစွမ်းနိုင်ကုန်ဟု ထိုဝိဋ္ဋူဘမင်းသား အောက် ငယ်ကုန် ငယ်ကုန်သော မင်းသားတို့ကို ဇနပုဒ်သို့စေလွှတ်၍ ထိုဝိဋ္ဋူဘ သည် ကပိလဝတ်ပြည်သို့ ရောက်သည်ရှိသော် [၁]မင်းကွန်း၌ စည်းဝေးကြကုန်၏။ ဝိဋ္ဋူဘမင်းသားသည် ထိုမင်းကွန်းသို့သွား၍ နေလေ၏။

## ဝိဋူဘ ထိုင်ရာအင်းပျဉ်ကို နို့ရည်ဖြင့် ဆေးကြောခြင်း

ထိုအခါ ဝိဋ္ဋူဘကို ချစ်သား ဤသူသည် သင်၏ အဘွား တော်တည်း။ ဤသူသည် ဦးရီးတော်တည်းဟု ဆို၍ ရှိခိုးစေကြကုန်၏။ ဝိဋ္ဋူဘသည် အလုံး စုံသော သူတို့ကို ရှိခိုးလျက် လှည့်လည်သွားလာပြီးလျှင် မိမိကိုရှိခိုးသောသူကို တယောက်မျှမမြင်ခြင်းကြောင့် အသို့ပါနည်း အကျွန်ုပ်ကို ရှိခိုးထိုက်သော သူတို့ သည် မရှိလေကုန်သလောဟု မေးလေ၏။ သာကီဝင်မင်းတို့သည် ချစ်သား သင့် အောက် အသက်အရွယ်ငယ်ကုန်သော အသင်၏ညီတော်ဖြစ်သော မင်းသားတို့ သည် ဇနပုဒ်သို့သွားကြကုန်၏ဟု ပြောဆို၍ ထိုဝိဋ္ဋူဘအား ကြီးစွာသော ပူဇော်သက္ကာရပြုကြကုန်၏။ ထိုဝိဋ္ဋူဘလည်း နှစ်ရက်သုံးရက်ပတ်လုံး နေခဲ့၍

၁ မင်းကွန်းဆိုသည်ကား တိုင်းသူပြည်သား လူအများတို့၏ အမှုကိစ္စဟူသမျှကို စီရင်ဆုံး မရာ ဖြစ်သော မင်းတဲဟူလို။

ဂုဏ်အလယ်သို့ သက်ဝင်သဖြင့် ကောင်းသော အာရုံကို ရရှိသော်လည်း တပါးသောအာရုံကိုတောင့်တပြန်သဖြင့်စိတ်လေလွင့်လျက်မေ့လျော့ခြင်းသို့ ရောက်၏။ဤသို့ပန်းပွင့်အလား ကာမဂုဏ်တရားကို ရွေးချယ်တောင့်တကာ စိတ်လွင့်ပါးမေ့လျော့၍ နေသော ရအပ် မရအပ်သောအာရုံတို့၌ လွန်စွာ တွယ်တာကပ်ငြိလျက်ရှိသော သတ္တဝါအပေါင်းကို ကြီးစွာသောရေအလျဉ် သည်အိပ်မောကြနေသော ရွာသားအပေါင်းကို သမုဒ္ဒရာသို့ဆောင်ယူ၍ ငါး လိပ်တို့၏အစာပြုသကဲ့သို့ အပါယ်လေးပါးရောက်အောင် သေမင်းဆောင် ယူ၍နှိပ်စက်တတ်၏ဟူလို။]

## ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည်သောတာပတ္တိဖိုလ်စသည် တို့သို့ရောက်ကုန်၏။ လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

ဝိဋူဋဘဝတ္ထုပြီး၏။

---

## ၄—ပတိပူဇိကာ သတို့သမီးဝတ္ထု

ပုပ္ဖါနိဟေဝ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူစဉ် ပတိပူဇိကာ အမည်ရှိသော သတို့သမီးကိုအကြောင်း ပြု၍ ဟောတော်မူလေ၏။ [ဝတ္ထုသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။]

### တဦးသောနတ်သမီး နတ်ပြည်မှ လူ့ပြည်သို့ လူ့ပြည်မှ တဖန် နတ်ပြည်သို့ပြန်ရောက်ရပုံ

ထိုတာဝတိံသာနတ်ပြည်၌ မာလဘာရီ အမည်ရှိသော နတ်သားသည်နတ် သမီး တထောင် ခြံရံလျက် ဥယျာဉ်သို့ဝင်လေ၏။ငါးရာကုန်သော နတ်သမီးတို့သည် ပန်းပင်ထက်သို့တက်၍ ပန်းတို့ကို ဆွတ်ချွေ၍ ချကြကုန်၏။ ငါးရာကုန်သောနတ် သမီးတို့သည် ကြွေကျလာသော ပန်းတို့ကို ကောက်ယူ၍ နတ်သားကို တန်းဆာ ဆင်ကြကုန်၏။ ထိုနတ်သမီးတို့တွင် တဦးသောနတ်သမီးသည် တခုသော သစ်ကိုင်း ထက်၌ ပင်လျှင် စုတေမနေ ကွယ်လွန်ရှာလေသဖြင့် ခန္ဓာကိုယ်သည် ဆီမီးလျှံ ကဲ့သို့ ကွယ်ပျောက်ချုပ်ငြိမ်းလေ၏။

ထိုနတ်သမီးသည် သာဝတ္ထိပြည်၌ တဦးသောအမျိုးအိမ်၌ ပဋိသန္ဓေ တည်နေ စွဲယူပြီးလျှင် ဖွားမြင်လာသောအခါ ဘဝဟောင်းကိုအောက်မေ့နိုင်သည့် ¹ဇာတိ ဿရဉာဏ်ကိုရသည် ဖြစ်၍ မာလဘာရီနတ်သား၏ ကြင်ဘက်ဖြစ်ဘူးကြောင်းကို အစဉ်အောက်မေ့လျက် ကြီးရင့်သောအရွယ်သို့ အစဉ်ရောက်လတ်သည်ရှိသော် နံ့သာပန်းစသည်တို့ဖြင့် ပူဇော် လှူဒါန်းခြင်းကို ပြု၍ အရှင်ဖြစ်သောမာလဘာရီ နတ်သား၏ အထံ၌ ပြန်၍ဖြစ်ရပါစေသတည်းဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

ထိုသတို့သမီးသည်တဆဲ့ခြောက်နှစ်ရှိသောအခါ သူတပါး(လင်ယောကျ်ား)၏ အိမ်သို့ လိုက်သွားရသော်လည်း စာရေးတံဆွမ်း လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်း, ဝါဆို သင်္ကန်းစသည်တို့ကို လှူဒါန်းပေးကမ်း၍ ငါ၏ ယခု ပြုအပ်သော ကောင်းမှုသည် အရှင်ဖြစ်သောလင်၏ အထံ၌ ဖြစ်ရပါစေခြင်း အကျိုးငှါ အထောက်အပံ့ဖြစ်ပါစေသတည်းဟု နှုတ်မြွက်၍ ဆုတောင်းပတ္ထနာ ပြုလေ၏။ ထိုအခါ ထိုသတို့သမီးအား ရဟန်းတို့သည် ဤသတို့သမီးသည် ထကြွ လုံ့လ ဉဿာဟရှိသည်ဖြစ်၍ ဒါနစသောကုသိုလ်ကောင်းမှုကို ပြုစုတိုင်း ပြုစုတိုင်း လင်ကိုသာတောင့်တသည်ဟုဆို၍ ပတိပူဇိကာဟူသော အမည်ကိုမှည့်ခေါ်ကြ ကုန်၏။

ထိုပတိပူဇိကာ သတို့သမီးသည်လည်း မပြတ်သာလျှင် ဆွမ်းစားစရပ်ကို သုတ် သင်ရှင်းလင်း၏။ သောက်ရေသုံးဆောင်ရေကို တည်ထား၏။ နေထိုင်စရာနေရာ တို့ကို ခင်းထား၏။ စာရေးတံဆွမ်းစသည်တို့ကို လှူလိုကြကုန်သော တပါးသော လူတို့ကလည်း ချစ်သမီး ဤလှူဘွယ်ဝတ္ထုတို့ကိုလည်း ရဟန်းသံဃာအား ကိုယ် စားပြု၍၊ ဝါ၊ တဆင့်လှူဒါန်း ပေးပါလော့ဟု ဆိုသည်ရှိသော် ဆောင်ယူလာ၍ လှူဒါန်းပေး၏။ ဤသို့သောနည်းဖြင့် လာတိုင်း သွားတိုင်းသော ထိုပတိပူဇိကာ သတို့သမီးသည် ခြေတလှမ်း အကြိမ်၌ ²ငါးဆဲ့ခြောက်ပါးသော ကုသိုလ်တရား တို့ကို ရလေ၏။ ထိုပတိပူဇိကာ သတို့သမီး၏ဝမ်း၌ ကိုယ်ဝန်သန္ဓေ တည်သဖြင့် ဆယ်လလွန်သောအခါ သားငယ်ကို ဖွားမြင်လေ၏။ ထိုသူငယ်ခြေဖြင့် သွားနိုင်

၁ ဇာတိ+ဿရ+ဉာဏ်=ဘဝဟောင်းကို+အောက်မေ့နိုင်သော+အသိဉာဏ်။

၂ မဟာဋီကာပါဠိတော်၌ မဟာကုသိုလ်စိတ်ဖြစ်သောအခါ ငါးဆဲ့ခြောက်ပါးသောတရား တို့ဖြစ်သည်ဟု သရုပ်ရေတွက်၍ ပြထားသည်။

## ဇုလ္လိသဇာတ် အကျဉ်းအမြွက်

သဗ္ဗညုမြတ်စွာဘုရားသည် ဤတရား ဒေသနာတော်ကို ဟောတော်မူ၍ ထို့ထက် အလွန်လည်း ရှင်မောဂ္ဂလာန် မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို ထင်ရှားစွာ ပြခြင်းငှါ ချစ်သားရဟန်းတို့ ယခုအခါ၌သာလျှင် မောဂ္ဂလာန်သည် မစ္ဆရိယ သူဌေးကို ဆုံးမသည်မဟုတ်သေး ရှေး၌လည်း ထိုသူဌေးကိုဆုံးမ၍ ကံအကျိုးနှင့် စပ်သည်ကိုသိစေဘူးသည်သာလျှင်တည်းဟုမိန့်တော်မူ၍ ဤသို့သောအကြောင်း ကို ထင်ရှားစွာ ပြလိုရကား ရှေးလွန်လေပြီးသော အတိတ်ကို ဆောင်တော်မူ၍—

ဥဘော ခဉ္ဇာ ဥဘော ကုဏီ၊ ဥဘော ဝိသမစက္ခုနော။
ဥဘိန္နံ ပိဠကာ ဇာတာ၊ နာဟံ ပဿာမိ ဇုလ္လိသံ။

ဥဘော၊ နှစ်ယောက်သော သူတို့သည်။ ခဉ္ဇာ၊ ခွင်ကြကုန်၏။ ဥဘော၊ နှစ်ယောက်သောသူတို့သည်။ ကုဏီ၊ ကောက်သောလက်ရှိကြကုန်၏။ ဥဘော၊ နှစ်ယောက်သောသူတို့သည်။ ဝိသမစက္ခုနော၊ မညီညွတ်သော မျက်စိ ရှိကြကုန်၏။ ဥဘိန္နံ၊ နှစ်ယောက်သောသူတို့အား။ ပိဠကာ၊ အနာအဖုတို့သည်။ ဇာတာ၊ ပေါက်ရောက်ကြကုန်၏၊ အဟံ၊ အကျွန်ုပ်သည်။ ဇုလ္လိသံ၊ ဇုလ္လိသသူဌေးကို။ နပဿာမိ၊ မမြင်ပါ။

ဤသို့သောဂါထာဖြင့် ဤ[၁]ဇုလ္လိသဇာတ်ကို ဟောတော်မူလေ၏။

မစ္ဆရိယကောသိယသူဌေးဝတ္ထု ပြီး၏။

---

## ၆—ပါဝေယျကမည်သော တက္ကတွန်း ဝတ္ထု၊

နပရေသံ ဝိလောမာနိ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာ ဘုရားသည် သာဝတ္ထိပြည်၌နေတော်မူစဉ် ပါဝေယျက အမည်ရှိသော အာဇီဝက တက္ကတွန်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

### ဘုရားအား တက္ကတွန်း ပြုစုခြင်း

သာဝတ္ထိပြည်၌ သူကြွယ်မတယောက်သည် ပါဝေယျကမည်သောအာဇီဝက တက္ကတွန်းကို သားအရာ၌ထား၍ လုပ်ကျွေးသမှုပြုစုလေသတတ်။ ထိုသူကြွယ်မ

---

၁ ဤဇုလ္လိသဇာတ်အကျယ်သည် ငါးရာငါးဆယ်ကေနိပါတ် ဝရုဏဝဂ်၌ပါရှိလေ၏။

၍ မြတ်စွာဘုရားအထံသို့ သွားရောက်ကာ ပင့်ဘိတ်လျက် ဆရာတက္ကတွန်းညွှန်ကြားသော နည်းအတိုင်းဖြင့်သာ အလုံးစုံပြုပြီးလျှင် ထိုတက္ကတွန်းထံ သွားသည်ရှိသော် သင့်သည်အဘယ်သို့ပြုခဲ့သနည်းဟု မေးအပ်သဖြင့် အရှင် ထိုအလုံးစုံကို ပြုအပ်လေပြီဟု ဆိုလေ၏။ သင်၏ပြုပုံကောင်းလေစွ ထိုရှင်ကြီးဂေါတမအား ပြုအပ်သော ပူဇော်သက္ကာရကို နှစ်ယောက်ကုန်သော ငါတို့သည်စားကြရကုန်အံ့ဟု ဆိုပြီးလျှင် နံနက် မိုးသောက်ရောက်သောအခါ တက္ကတွန်းသည် စောစောကလျှင် ထိုအိမ်သို့သွားလေ၏။ ထိုတက္ကတွန်းကို ခေါ်ငင်ဆောင်ယူ၍ အိမ်တိုက်ခန်းနောက်အဘို့၌ နေစေရလေသတည်း။

## တက္ကတွန်း နားနှင့် သာရခေါ်သံ

အိမ်နီးချင်းသား လူအများတို့သည် ထိုသူကြွယ်မ၏အိမ်ကိုစိုစွတ်သော နွား ချေးဖြင့်လိမ်းကျံ၍ပေါက်ပေါက်လျှင်ငါးခုမြောက်သောပန်းတို့ကိုဖြန့်ကာကြဲကာ မြတ်စွာဘုရားထိုင်နေသီဝင်းသုံးတော်မူရန် မြတ်သောသူတို့အားသာထိုက်သော နေရာကိုခင်းကျင်းကြကုန်၏။ ထိုစကားမှန်၏ မြတ်စွာဘုရားတို့နှင့် အတူတကွ မ လေ့ကျက်ဘူးကုန်သောလူတို့သည်နေရာခင်းခြင်းကိုမသိကြကုန် ထိုမှတပါးလည်း မြတ်စွာဘုရားတို့အား ခရီးညွှန်ကြားခြင်းဖြင့် ပြုဘွယ်ကိစ္စမည်သည်မရှိ။ ဗောဓိ ပင်ရင်း၌ တသောင်းသောလောကဓာတ်ကို တုန်လှုပ်စေလျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့ကပင်လျှင် ထိုဘုရားရှင်တို့အား ဤလမ်းခရီးကားငရဲသို့ လားရသောလမ်းခရီးတည်း။ ဤလမ်းခရီးကားတိရစ္ဆာန်အမျိုးသို့ ဤလမ်းခရီး ကားပြိတ္တာဘုံသို့ ဤလမ်းခရီးကား လူ့ပြည်သို့ ဤလမ်းခရီးကား နတ်ပြည်သို့ ဤလမ်းခရီးကား သေခြင်းငြိမ်းလတ် မြတ်သောနိဗ္ဗာန်သို့လားရသော လမ်းခရီး တည်းဟု အလုံးစုံလားရာ ခရီးတို့သည် ထင်ရှားဖြစ်ခဲ့ကုန်၏။ ရွာနိဂုံးစသည်တို့၏ လမ်းခရီးမျှ၌ ဆိုဘွယ်ရာမရှိသည်သာတည်း။ ထို့ကြောင့်ဘုရားရှင်သည်နံနက်စော စောကလျှင် သပိတ်သင်္ကန်းကိုယူတော်မူ၍ ဒါယိကာမကြီး၏ အိမ်တံခါးဝသို့ ကြွ ရောက်တော်မူလေ၏။

ထိုဒါယိကာမကြီးသည်လည်း အိမ်မှထွက်၍ မြတ်စွာဘုရားကို [၁]ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးလျက် အိမ်တွင်းသို့ ကြွဝင်တော်မူစေ၍ ခင်းအပ်သောနေရာ

၁ ဒူးနှစ်ဘက် လက်ဝါးနှစ်ဘက် နဖူးဟူသော အင်္ဂါ ငါးပါး ပြားပြားဝပ်ကျက်တည် အောင် ရှိခိုးသည်ဟူလို။

မြတ်၌ နေစေပြီးလျှင် အလှူရေစက် သွန်းချလျက် မွန်မြတ်လှသော ခဲဘွယ် ဘောဇဉ်ဖြင့် လုပ်ကျွေးပြုစုလေ၏။ ဒါယိကာမကြီးသည် ပြုအပ်သော ဆွမ်းစား ခြင်းကိစ္စရှိသော မြတ်စွာဘုရားအား တရား [1]အနုမောဒနာကို ပြုစေလိုသည် ဖြစ်၍ သပိတ်တော်ကို ယူလေ၏။ ဘုရားရှင်သည် [2]အင်္ဂါရှစ်ပါးနှင့် ပြည့်စုံစွာ သာယာသော အသံတော်ဖြင့် အနုမောဒနာဖြစ်သော တရားစကားကိုအားထုတ် တော်မူလေ၏။ (ဟောကြားတော်မူလေ၏။) ဒါယိကာမကြီးသည်လည်း သာဓု သာဓုဟု ကောင်းချီးသံကိုပေးလျက် တရားတော်ကိုနာကြားလေ၏။ တက္ကတွန်း သည်လည်း အိမ် တိုက်ခန်း နောက်အဘို့၌နေလျက်သာလျှင်ကောင်းချီးသံပေး၍ တရားနာကြားသော ထိုဒါယိကာမကြီး၏ အသံကိုကြားရလျှင် တည်တည် တံ့တံ့ နေအံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍ ဤဒါယိကာမကြီးသည် ယခုအခါ ငါ့ ဒါယိ ကာမ မဟုတ်တော့ပြီဟု ကြံစည်ကာ တိုက်ခန်းမှ ထွက်ခဲ့၍ ဟယ် သူယုတ်မာမ နင်ကားပျက်ခဲ့လေပြီ ထိုရဟန်းကြီးဂေါတမအား ဤသို့သော ပူဇော် သက္ကာရ ပြုဘိ၏တကားဟု အထူးထူး အပြားပြားဖြင့် ဒါယိကာမကြီးကိုရင်း ဘုရားရှင်ကို ရင်း ဆဲရေးလျက် ထွက်ပြေးဖဲသွားလေ၏။

ဒါယိကာမကြီးသည်လည်း တက္ကတွန်း၏ ဆဲရေးသော စကားဖြင့် ရှက်နိုး ရကား အာရုံတပါးသို့ တုန်လှုပ် ပြေးသွားသော မကြည်သာသော အဖြစ်သို့ ရောက်သောစိတ်ကို ဘုရားရှင် ဒေသနာတော်သို့ အစဉ်လျှောက်သဖြင့် အသိ ဉာဏ်ကို စေလွှတ်ခြင်းငှါ မစွမ်းနိုင်ရှာလေ။ ထိုအခါ ဘုရားရှင်သည် ဒါယိကာ မကြီး အသို့နည်း မိမိစိတ်ကို ဒေသနာတော်သို့ အစဉ် လျှောက်အောင် ပြုခြင်းငှါ မစွမ်းနိုင်လေသလေဘဟု မေးတော်မူ၏။ မြတ်စွာဘုရား ထိုတက္ကတွန်း၏ စကား ဖြင့် တပည့်တော်မ၏စိတ်သည် အာရုံတပါးသို့ တုန်လှုပ်ပြေးသွားသဖြင့် မကြည် သာသော အဖြစ်သို့ ရောက်ရပါသည်ဘုရားဟု လျှောက်ကြားလတ်သော် မြတ်စွာ ဘုရားသည် ဒါယိကာမကြီး ဤသို့သဘောရှိသော ပြောဆိုဆဲရေးသောစကားကို နှလုံးမသွင်းမူ၍ မိမိ၏ပြုအပ်သောအမှု မပြုအပ်သော အမှုကိုသာလျှင် ဆင်ခြင် ကြည့်ရှုခြင်းငှါ သင့်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

---

၁ အနုမောဒနာ—ဝမ်းမြောက်ဝမ်းသာ တရားစကား ဟောကြားခြင်း။

၂ သာယာနာဘွယ် သီလွယ်သန့်စင် ပွဲတင်လုံးနက် ပြင်မထွက် သံတော်အင်ရှစ်ချက်။

သလမင်းကြီးနှင့် အတူတကွ လိုက်သွားပါလော့ဟု ဆိုလတ်သော် အရှင်မင်းကြီး အရှင်မင်းကြီးတို့သည် စေလွှတ်ကုန်သည်ရှိသော် သွားပါအံ့ဟုလျှောက်တင်လျှင် ချစ်သား ယင်းသို့ဖြစ်မူ စီရင်ဘွယ်ရှိသမျှ စီရင်ပြုလုပ်၍ လိုက်သွားပါလော့ဟု မိန့်ဆို၍လွှတ်လိုက်၏။ဓနဉ္စယသူဋ္ဌေးလည်း မိမိပြုလုပ်သင့်သမျှကို ပြုလုပ်လေ၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း ထိုဓနဉ္စယသူဋ္ဌေးအား များစွာကြီးကျယ်သော ပူဇော်သက္ကာရကိုပြု၍ ဤသူဋ္ဌေးကိုခေါ်၍သွားကြပါကုန်လော့ဟု ပြောဆိုကာ ပသေနဒီ ကောသလမင်းကြီးကို လွှတ်လိုက်လေ၏။ ကောသလမင်းကြီးလည်း ထိုသူဋ္ဌေးကိုခေါ်၍ သာဝတ္ထိပြည်သို့ တညဉ့်အိပ်ခရီးဖြင့် သွားသဖြင့် ချမ်းသာသောအရပ်တခုသို့ရောက်လျှင် နေရာကိုယူလေ၏။

ထိုအခါ ကောသလမင်းကြီးကို ဓနဉ္စယသူဋ္ဌေးသည် ဤအရပ်ကားအဘယ်မင်းမြတ်၏နိုင်ငံအဝင်အပါ အရပ်ဖြစ်ပါသနည်းဟု မေးလျှောက်လေ၏။ သူဋ္ဌေးကြီး ငါ၏နိုင်ငံအဝင်အပါအရပ်ဖြစ်သည်ဟု ပြောဆိုလျှင် သာဝတ္ထိပြည်သည် ဤအရပ်မှ အဘယ်မျှဝေးကွာသောအရပ်၌ တည်ရှိပါသနည်းဟု မေးပြန်လေ၏။ ခုနစ်ယူဇနာထက်၌ တည်ရှိပေ၏ဟု ပြောဆိုလျှင် အရှင်မင်းမြတ် မြို့၏အတွင်းမည်သည် ကျဉ်းမြောင်းလှ၏။ အရှင့် ကျွန်တော်မျိုးတို့၏ အခြံအရံအလုပ်အကျွေး လူပရိသတ်ကား များလှစွာ၏။အရှင်မင်းကြီးတို့သည် အကယ်၍ နှစ်သက်ကုန်သည်ဖြစ်ခဲ့အံ့ ဤအရပ်၌ပင် နေလိုပါ၏ဟု လျှောက်တင်လေ၏။ ကောသလမင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၍ ထိုအရပ်၌ မြို့ကို တည်ထောင်သဖြင့် ဓနဉ္စယသူဋ္ဌေးအားပေးပြီး ကြွသွားလေ၏။ထိုအရပ်၌ မိမိကိုယ်တိုင်နေရာအရပ်ယူအပ်သောကြောင့် သာကေတဟူ၍ မြို့၏အမည်တွင်လေ၏။

## မိန်းမတို့အား ကောင်းခြင်းငါးပါးအကြောင်း

သာဝတ္ထိပြည်၌လည်းမိဂါရသူဋ္ဌေး၏သားဖြစ်သော ပုဏ္ဏဝဍ္ဎနမည်သောသတို့သားသည် အရွယ်သို့ရောက်သည်ဖြစ်ပေ၏။ ထိုအခါ မိဘတို့သည် ထိုပုဏ္ဏဝဍ္ဎနသတို့သားကို ချစ်သား သင်နှစ်သက်ရာအရပ်၌ သတို့သမီးတယောက်ကို စုံစမ်းရှာဖွေလော့ဟု ဆိုကြကုန်၏။ မိခင်ဘခင့်တို့ ဤသို့ သဘောရှိသော မယားဖြင့် ကျွန်တော်အား ပြုဘွယ်ကိစ္စ အလိုဆန္ဒ မရှိပါဟုဆိုသဖြင့် မိခင်ဘခင်တို့လည်း

ချစ်သား ဤသို့မပြုပါလင့် သားမရှိသော အမျိုးမည်သည်ကား ကာလအရှည် မတည်တံ့နိုင် ပျက်စီးတတ်သည်။ ထို့ကြောင့် ချစ်သားနှစ်သက်ရာသတို့သမီးငယ် တယောက်ကိုသာ ရှာဖွေလော့ဟု ဆိုပြန်လေ၏။ ပုဏ္ဏဝဍ္ဎနသူဌေးသားသည် အဖန်ဖန်ပြောဆို တိုက်တွန်းအပ်သည်ရှိသော် ထိုသို့ဖြစ်မူ ကောင်းခြင်းငါးပါး နှင့်ပြည့်စုံသောသတို့သမီးကို ရသည်ဖြစ်အံ့ သင်မိခင်ဘခင်တို့၏ ပြောကြားသော စကားကို လိုက်နာပါအံ့ဟု ဝန်ခံ၏။ ချစ်သား ကောင်းခြင်းငါးပါးတို့ ဟူသည် အဘယ်သည်တို့နည်းဟုမေးသဖြင့် ဆံပင်၏ကောင်းခြင်း, အသား၏ကောင်းခြင်း, အရိုး၏ကောင်းခြင်း, အရေ၏ကောင်းခြင်, အရွယ်၏ကောင်းခြင်း—ဟူသော ဤ ငါးပါးတို့တည်းဟု ဖြေဆိုလေ၏။ ထိုစကားမှန်၏။

၁ ဘုန်းကံကြီးသောမိန်းမ၏ ဆံပင်တို့သည် ဥဒေါင်းမြီးစည်းနှင့် တူကုန် သည်ဖြစ်၍ ဦးခေါင်းမှ ဖြေ၍ချလိုက်သည်ရှိသော် အဝတ်ထမီ အစွန်းကိုထိ၍ အဖျားကော့တက်လျက် တည်ကုန်၏။ ဤကား ဆံပင်၏ ကောင်းခြင်းမည်၏။

၂ သွားကို ဖုံးသော နှုတ်ခမ်းသားသည် ကြီးအာသီးမှည့်နှင့်တူစွာ နီမြန်း သောအဆင်းနှင့် ပြည့်စုံသည်ဖြစ်၍ ညီညွတ်၏ ကောင်းစွာ ထိခြင်း စပ်ခြင်း ရှိ၏။ ဤကား အသား၏ ကောင်းခြင်းမည်၏။

၃ သွားတို့သည် ဖြူစင်ခြင်း ညီညွတ်ခြင်း မကြဲခြင်းရှိကုန်သည်ဖြစ်၍ စိုက်၍ ထားအပ်သော ဝဇိရစိန်ရတနာ အစီအတန်းကဲ့သို့ရင်း ကောင်းမွန် ညီညွတ်စွာ ဖြတ်အပ်သော ခရုသင်း အစီအတန်း ကဲ့သို့ရင်း တင့်တယ်ကုန်၏။ ဤကား အရိုး၏ ကောင်းခြင်းမည်၏။

၄ အသားညိုသော မိန်းမ၏ အရေအဆင်းသည် [1]ကသည်မှုန့်စသည်တို့ဖြင့် မလိမ်းမကျံဘဲသာလျှင် ပင်ကိုယ် ညက်ညော ပြေပြစ်၏ ကြာညို ပန်းဆိုင်းနှင့်

၁ ကသည်မှုန့် ဟူသည်ကား–အဆင်းအရောင် လှပအောင် လိမ်းကျံသော မျက်နှာချေ. ပေါင်ဒါ-အလှရည် စသည်တို့တည်း။ စာအချို့၌ မှည့်မည်းဟု မူကွဲ၏၊ဂန္ဓဝဏ္ဏကေန နှာယေယျ ပါဠိဤ့ကိုယံ ဟူသောပါဌ်နှင့်တော်ဖြင့် ဆင်ခြင်သင့်၏။

နောက် တဖန်လည်း ထင်းတို့မရှိကုန်ပါဟု ပြောကြား ကြပြန်ကုန်၏။ ဤအချိန်အခါ၌ ထင်းတို့ကိုရခြင်းငှါ မတတ်ကောင်း ရနိုင်ဘွယ်မရှိချေ ပုဆိုး တိုက်ကျိကျတို့ကို ဖွင့်လှစ်၍ ထူကြမ်းသော ပုဆိုးတို့ကို မီးစာကျစ်ယဖြင့် ဆီအိုးတို့၌ ဆွတ်၍ ထမင်းကို ချက်ကြကုန်လော့ဟုဆိုလေ၏။ ထိုသူတို့လည်း လခွဲပတ်လုံး ထိုသူဌေးဆိုတိုင်း ပြုကြကုန်၏။ ဤသို့လျှင် လေးလတို့သည် လွန်ကုန်သည်ဖြစ်၍ ပြုပြင်စီမံသော မဟာလတာတန်းဆာသည်လည်း ပြီးဆုံးခြင်းသို့ ရောက်လေ၏။

## မဟာလတာတန်းဆာ၏ ပုံစံ တန်ဘိုး သက်နိုးအကျိုး

ထိုမဟာလတာ တန်းဆာ၌ လေးစလယ် [1]ကွမ်းစားရှိသော ဝဇိရစိန်ကျောက်တို့သည် ထည့်စွပ်ယှဉ်တပ်ခြင်းသို့ ရောက်ကုန်၏။ ပုလဲတဆဲ့တစလယ် ကွမ်းစားတို့ရင်း သန္တာ နှစ်ဆဲ့နှစ်စလယ် ကွမ်းစားတို့ရင်း ပတ္တမြား သုံးဆဲ့သုံးစလယ် ကွမ်းစားတို့ရင်း ဤသို့ဆိုအပ်ပြီးသော ရတနာတို့ဖြင့်ရင်း တပါးသော ရတနာခုနစ်ပါးတို့ဖြင့်ရင်း ပြုပြင်စီရင် ချယ်လယ်အပ်သည်ဖြစ်၍ ပြီးဆုံးခြင်းသို့ ရောက်လေ၏။ ဤတန်းဆာကား ချည်တို့ဖြင့် ယက်လုပ်အပ်သည်မဟုတ် မရောမရှက် ငွေသက်သက်ဖြင့်သာ ချည်ကိစ္စကို ပြုကြရကုန်၏။ထိုမဟာလတာ တန်းဆာသည် ဦးခေါင်း၌ စွပ်သည်ရှိသော် ခြေဖမိုးတိုင်အောင် ရောက်၏။ဖုံးမိ၏။ထိုထိုအရပ်၌ လက်စွပ်ကွင်းတို့ကို ယှဉ်၍ ပြုအပ်သော ကမ္ဗတ်သိမ်း ကျယ်သီးတို့သည် ရွှေဖြင့်ပြီးကုန်၏။ ကမ္ဗတ်ကွင်း ကျယ်သီးအိမ်တို့သည် ငွေဖြင့် ပြီးကုန်၏။အထက်ဦးခေါင်းအလယ်၌ လက်စွပ်ကွင်း တခုနှစ်ခုသောနားရင်းတို့၌ နှစ်ခု လည်ချောင်းရေမျို၌ တခု နှစ်ဘက်သော ပုဆစ်ဒူးဝန်းတို့၌ နှစ်ခု တတောင်ဆစ်နှစ်ဘက်တို့၌ နှစ်ခု ပေါင်နှစ်ဘက်တို့၌ နှစ်ခု ခါးစောင်နံဘေး နှစ်ဘက်တို့၌ နှစ်ခုတို့သည် ရှိသည် ဖြစ်ကုန်၏။ ထိုမဟာလတာ တန်းဆာ၌ တခုသောဥဒေါင်းရုပ်သဏ္ဍာန် ပြုကြကုန်၏။

ထိုဥဒေါင်းရုပ်၏ လက်ယာဧတောင်ပန်၌ [2]ရွှေနီဖလံဖြင့် ပြီးသော ငါးရာသော လေသာတောင်တို့သည်ရင်း။ လက်ဝဲတောင်ပန်၌ ငါးရာသော လေသာတောင်တို့သည်ရင်း ရှိကြကုန်၏။ နှုတ်သီးသည် သန္တာဖြင့် ပြီး၏။ မျက်လုံး တို့သည် ပတ္တမြားတို့ဖြင့် ပြီးကုန်၏။ လည်တံနှင့် အမြီးတို့သည်လည်း ထို့အတူပတ္တမြားဖြင့်

[1] စလယ်းတောင်း,ခွက်တောင်း,ပြည်းတောင်းတို့ကို စလယ်ကွမ်းစား ခွက်ကွမ်းစား ပြည်ကွမ်းစားဟု ခေါ်ဝေါ်လေ့ရှိကြသည်၊

[2] ရွှေနီဖလံဟူသည်-နီသောအဆင်းရှိသော ရွှေကောင်းပင်တည်း။

အခင်း အသွင်ဖြင့် ခင်းလိုပါသည် ခင်းဘို့ရာအရပ်ကို ငါ့အား ပြောကြားပါကုန်လော့ဟုဆို၏။ အဆွေခင်ပွန်းမ ကောင်းလှပါပြီ ငါသည် သင့်အား ခင်းဘို့ရာအခွင့်အရပ်မရှိဟု အကယ်၍ ဆိုသည်ဖြစ်အံ့။ ငါ့အားခင်းဘို့ရာအခွင့် အရပ်ပေးခြင်းငှါ အလိုမရှိဟု သင်အောက်မေ့လတ္တံ့။ ထို့ကြောင့် ကိုယ်တိုင် သာလျှင်ပြာသာဒ်၏ ဘုံနှစ်ဆင့်တို့ကိုငှင်း တိုက်ခန်းတထောင်ကိုငှင်း ကြည့်ရှု၍ ခင်းဘို့ရာအရပ်ကို သိပါလေလော့ဟုဆို၏။ ထိုအဘော်မသည်လည်း အဘိုးတသိန်းထိုက်သော အဝတ်ပုဆိုးကိုယူ၍ ထိုထိုအရပ်၌ သွားလာ ကြည့်ရှုသည်ရှိသော် မိမိယူလာသော ထိုအဝတ် ပုဆိုးထက် နည်းသောအဘိုးရှိသော အဝတ်ပုဆိုးကို မမြင်ခြင်းကြောင့် ငါသည် ဤကျောင်းပြာသာဒ်၌ ကောင်းမှုအဘို့ကိုမရဘဲ ရှိချေ၏ဟုနှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ တခုသော အရပ်၌ ငိုကြွေးလျက် ရပ်နေ၏။ ထိုအခါ အရှင်အာနန္ဒာ မထေရ်သည် ငိုကြွေး၍နေသော ဒါယိကာမကိုမြင်ရသဖြင့် အဘဲ့ကြောင့် ငိုကြွေးဘိသနည်းဟုမေးသော် ငိုကြွေးသောဒါယိကာမသည် ထိုအကြောင်းကို လျှောက်ကြားလေ၏။ ရှင်အာနန္ဒာမထေရ်က မစိုးရိမ်လင့် ငါသည် သင့်အား ခင်းဘို့ရာအရပ်ကို ပြောကြားပေအံ့ဟု မိန့်တော်မူပြီးလျှင်စောင်းတန်းခြေရင်း ခြေဆေးရာအရပ်၌ ဤတသိန်းတန် အဝတ်ပုဆိုးကို ခြေသုတ်ပုဆိုးပြု၍ ခင်းလေလော့ဟု မိန့်ကြားတော်မူ၍ ရဟန်းတို့သည် ခြေတို့ကိုဆေး၍ရှေးဦးစွာ ဤအဝတ်ပုဆိုး၌ ခြေကိုသုတ်သင်ပြီးမှ ကျောင်းတွင်းသို့ ကြွဝင်ကြရကုန်လတ္တံ့ ဤသို့လျှင် သင်ဒါယိကာမကြီးအား များစွာအကျိုးရှိသည်ဖြစ်လတ္တံ့ဟု မိန့်ကြားတော်မူလေ၏။

[ထိုနေရာကား ဝိသာခါသည် မမှတ်သားမိသော အရပ် ဖြစ်သတတ်။]

## ကျောင်းသာဓုခေါ်ခြင်း

ဝိသာခါသည် လေးလတို့ပတ်လုံး ကျောင်းတွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်မြတ် အပေါင်းအား အလှူကိုပေးလှူလေ၏။ နောက်ဆုံး ဖြစ်သောနေ့၌ ရဟန်းသံဃာတော်မြတ် အပေါင်းအား သင်္ကန်းလျာပုဆိုးတို့ကို ပေးလှူ၏။ သီတင်းအငယ်ဆုံးဖြစ်သော [၁]သံဃနဝ ရဟန်းရအပ်သော သင်္ကန်းလျာပုဆိုးတို့သည် အဘိုးတထောင်ထိုက်ကုန်၏။ ခပ်သိမ်းသော ရဟန်းတို့အား သပိတ်

၁ သံဃနဝကား သံဃာအငယ်အထွေး။ ၎င်းကို သံဃနဝ ဟူ၍လည်း ခေါ်ကြသည်။

မြစ်သော်လည်း ဖဲသွားခြင်းငှါ အလိုမရှိသဖြင့် တောင်းပန်ပြန်ကုန်သော် နတ်သမီးတို့ကို အသင်တို့သည် မိမိ၏ပမာဏကို မသိကြလေကုန် ဖဲသွားကြကုန်လော့ဟု မိန့်တော်မူ၍ လက်ဖျစ်တီးတော်မူ၏။

နတ်သမီးတို့သည် မထေရ်၏ လက်ဖျစ်တီးသံကို ကြားရလျှင် ခိုင်ခံ့တည်တံ့စွာ ပြု၍ မျက်မှောက်တော်၌ တည်နေခြင်းငှါ မတတ်နိုင်ကုန်ရကား ထွက်ပြေး တိမ်းရှောင်ကာ တာဝတိံသာနတ်ပြည်သို့သာ ပြန်သွားရသဖြင့် သိကြားမင်းသည် အသင်တို့ အဘယ်အရပ်သို့ သွားကြသနည်းဟု မေးအပ်ကုန်လတ်သော် အရှင် သိကြားမင်း [၁]နိရောဓ သမာပတ်မှထသော ရှင်မဟာကဿပအား ဆွမ်းလှူကြကုန်အံ့ဟု သွားကြပါသည်ဟူ၍ လျှောက်တင်လေလျှင် သင်တို့လှူကြရကုန်၏လောဟု မေးပြန်သော် မထေရ်မြတ်သည် ခံယူခြင်းငှါ အလိုမရှိပါဟု လျှောက်တင်ကြကုန်၏။ မထေရ်မြတ်သည် အဘယ်သို့ မိန့်တော်မူသနည်းဟု မေးပြန်သော် အရှင်သိကြားမင်း ဆင်းရဲငြိုငြင် ပင်ပန်းသော သူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု မိန့်တော်မူပါသည်ဟူ၍ လျှောက်တင်ကြလေကုန်၏။ သင်တို့သည် အဘယ်သို့သော အသွင်ဖြင့် သွားရောက်ကြ ကုန်သနည်းဟု မေးပြန်သော် အရှင် သိကြားမင်း ဤယခုအသွင်ဖြင့်သာ သွားရောက်ကြပါသည်ဟု လျှောက်ကြလေကုန်၏။ သိကြားမင်းသည် အသင်တို့ကဲ့သို့ သဘောရှိကုန်သော သူတို့သည် မထေရ်မြတ်အား ဆွမ်းအလှူကို အဘယ်မှာ လှူနိုင်ရပေကုန်အံ့နည်းဟု ဆိုပြီးလျှင် မိမိကိုယ်တိုင် လှူလိုသည်ဖြစ်၍ အိုမင်းယွင်းယို ကြီးရင့်လေပြီးသော ကျိုးသော သွားရှိသော ဖွေးဖွေးဖြူသော ဆံပင်ရှိသော စနှောင့်စနင်းကိုယ်ရှိသော ရက်ကန်းသည် သူအိုကြီးဖြစ်အောင် ဖန်ဆင်းလျက် မိဖုယား [၂]သုဇာနတ်သမီးကိုလည်း ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော အမယ်အိုကြီးသဏ္ဌာန် ဖန်ဆင်းပြုလုပ်လျက် ရက်ကန်းသည် လမ်းခရီးတခုကို ဖန်ဆင်းပြီးလျှင် ရက်ကန်းချည်ကို ဖြန့်လျက် နေလေ၏။

---

၁ နိရောဓသမာပတ်ဟူသည် ဈာန်အားလုံး ဝင်စားပြီးသည့်အဆုံး၌ စိတ်၊ စေတသိက်ဟူသော နာမ်ခန္ဓာ လေးပါးနှင့် စိတ်ကြောင့်ဖြစ်သော ရုပ်ခန္ဓာ မဖြစ်ပေါ်စေဘဲ ခုနစ်ရက်တိုင်အောင် ဒုက္ခချုပ်ငြိမ်းသော သမာပတ်တည်း။ ထိုသမာပတ်ကို ဈာန်အားလုံး ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြသည်။

၂ သုဇာတာအမည်ရင်း ဖြစ်သော်လည်း ရှိခါအမည်အဆုံး အသုံးမပြုမူ၍ သုဇာဟူ၍လည်း ခေါ်ကြသည်။

မင်းကြီး၏ အဟောဒါနံ ပရမဒါနံ ကဿပေသု ပတိဋ္ဌိတံ, အဟောဒါနံ ပရမဒါနံ ကဿပေသု ပတိဋ္ဌိတံ-ဟူသော ဥဒါန်းစကားကို ကြားတော်မူသည် သာတည်း။ ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းကို သိတော်မူသဖြင့် ထိုအခါ၌ ဤဥဒါန်းကို ကျူးရင့်တော်မူလေ၏။]

ပိဏ္ဍပါတိကဿ ဘိက္ခုနော၊ အတ္တဘရဿ အနညပေါသိနော။
ဒေဝါပိ ပိဟယန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတိမတော။

တဒိနော၊ [၁]တာဒိဂုဏ်နှင့်ပြည့်စုံထသော။ ဥပသန္တဿ၊ ငြိမ်းပြီးသောကိလေသာရှိထသော။ သဒါ၊ အခါခပ်သိမ်း။ သတိမတော၊ သတိနှင့်ပြည့်စုံထသော။ အတ္တဘရဿ၊ မိမိကိုယ်ကိုမိမိမွေးမြူနိုင်ထသော။ အနညပေါသိနော၊ သူတပါးတို့ မွေးမြူအပ်သည် မဟုတ်သော။ ပိဏ္ဍပါတိကဿ၊ ဆွမ်းခံသွားလေ့ ရှိထသော။ ဘိက္ခုနော၊ ရဟန်းအား။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကြကုန်၏။

ဤသို့သော ဥဒါန်းစကားကို ကျူးရင့်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ နတ်တို့ကိုအစိုးရသောသိကြားမင်းသည် ငါ့သားကဿပ၏ သီလတည်းဟူသော အနံ့ကြောင့် လာ၍ဆွမ်းကိုလှူဒါန်းရလေသတည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

## ဒေသနာတော်

၅၆ အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

တဂရစန္ဒနံ - တဂရစန္ဒနာနံ၊ တောင်ဇလပ် စန္ဒကူးနီတို့၏။ ယွာယံဂန္ဓော၊ အကြင်အနံ့သည်။ အတ္ထိ၊ ရှိ၏။ အယံဂန္ဓော၊ ဤအနံ့သည်။ အပ္ပမတ္တော၊ နည်းသောအတိုင်းအရှည်ရှိ၏။ သီလဝတံ၊ သီလရှိကုန်သောသူတို့၏။ ယော စ ဂန္ဓော၊ အကြင်သီလတည်းဟူသောအနံ့သည်။ အတ္ထိ၊ ရှိ၏။ ။ သောဂန္ဓော၊ ထို သီလတည်းဟူသောအနံ့သည်။ ဥတ္တမော၊ ထူးကဲလွန်မြတ်သည်ဖြစ်၍။ ဒေဝေသု၊ နတ်တို့၌။ ဝါတိ၊ လှိုင်၏။

---

[၁] တာဒိဂုဏ်ဟူသည်ကား လာဘ်ရခြင်း မရခြင်းစသော လောကဓံတရား ရှစ်ပါးတို့ကြောင့် တုန်လှုပ်ခြင်းမရှိသော ဂုဏ်တည်း။

## ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏အဆုံး၌များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြလေကုန်၏။လူများအပေါင်းအား အကျိုးရှိသောဒေသနာတော်ဖြစ်တော်မူလေ၏။

အရှင်မဟာကဿပမထေရ်အား ဆွမ်းလှူသောဝတ္ထု ပြီး၏။

---

## ၁၁–ဂေါဓိကမထေရ် ပရိနိဗ္ဗာန ဝတ္ထု

တေသံ သမ္ပန္နသီလာနံ– အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ကိုအမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဂေါဓိကမထေရ်၏ ပရိနိဗ္ဗာန်စံယူတော်မူသည်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

### ဂေါဓိကမထေရ် ပရိနိဗ္ဗာန် စံယူခြင်း

ထိုအရှင်ဂေါဓိကမထေရ်သည် [၁]ဣသိဂိလိတောင်ယံနံပါးဝယ် ညိုသောအဆင်းရှိသော ကာဠသိလာမည်သော ကျောက်ဖျာ၌ သီတင်းသုံးနေတော်မူစဉ် မမေ့မလျော့ဘဲ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိလျက် ဧကဂ္ဂတာသမာဓိကြောင့်ဖြစ်သော နီဝရဏမှကင်းလွတ်သောစျာန်တရားသို့ ရောက်စေပြီးလျှင် အစဉ်မပြတ်ကိန်းသော တခုသောအနာရောဂါ၏အစွမ်းအားဖြင့် ထိုရအပ်သောစျာန်မှ ဆုတ်ယုတ်ခြင်း ဖြစ်ခဲ့လေ၏။ ထိုဂေါဓိကမထေရ်သည် နှစ်ကြိမ်မြောက်၎င်း သုံးကြိမ်မြောက်၎င်း ခြောက်ကြိမ်တိုင်အောင် စျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှ ဆုတ်ယုတ်လေ၏။ ခုနစ်ကြိမ်မြောက်သောအခါ၌ စျာန်ကိုဖြစ်စေပြီးလျှင် ဤသို့ကြံစည်လေ၏ ငါကားခြောက်ကြိမ်တိုင်အောင် စျာန်မှဆုတ်ယုတ်ခဲ့၏ ဆုတ်ယုတ်သော စျာန်ရှိသောသူအား လားရာဂတိသည် အမြဲမရှိနိုင်သည်သာလျှင်တည်း။ ယခုပင်လက်နက်ကို

---

၁ ဣသိ ဂိလိတောင်–ပစ္စေကဗုဒ္ဓါတို့ကိုမျိုသောတောင်၊ပဒုမဒေဝီသားပဉ္စကဗုဒ္ဓါငါးရာတို့သည်၎င်းတောင်ကြီး၏ လိုဏ်ခေါင်းဘွင်း၌သီတင်းသုံးရန်ဝင်သွားသည်ကိုမြင်ရသောသူတို့က ပစ္စေကဗုဒ္ဓါတို့ကို ဤတောင်ကြီးသည် မျို၏ဟု ဆိုမှတ်ပြုသဖြင့် ဣသိဂိလိတောင်ဟု တွင်လေသည်။

## ကြာပန်းနှင့် မြေနီယူခိုင်းခြင်း

ထိုအခါ မင်းကြီးသည် ထိုယောကျ်ား၏အပေါ်၌ အပြစ်ဒေါသကို မမြင်သည်ရှိသော် ကာမဂုဏ်နှောင် ပူလောင်ပြင်းပြ ကြီးပွါးလှသည်ဖြစ်၍ ထိုယောကျ်ားအား တခုသောအပြစ်ကိုတင်၍ မင်း၏အာဏာကို ပြုအံ့ဟုကြံ၍ ထိုယောကျ်ားကို ခေါ်စေပြီးလျှင် အချင်းယောကျ်ား ဤနေပြည်တော်မှ တယူဇနာထက်၌မြစ်တခု၏ ဤအမည်ရှိသော အရပ်သို့သွားပြီးလျှင် ညချမ်းအခါ ငါဘုရင်မင်းမြတ် ရေချိုးချိန်၌ [၁]ကုမုဒြာ ကြာပန်းတို့ကိုငင်း [၂]အရုဏဝတီ မြေကိုငင်း ဆောင်ချေလော့ ထိုအချိန် အခါ၌ အကယ်၍မရောက်လာနိုင်ခဲ့သော် သင့်အား မင်းအာဏာကို ပြုအံ့ဟု ဤသို့မိန့်တော်မူလေ၏။ ထိုမင်းခယောကျ်ားသည် [၃]ကျွန်လေးမျိုးတို့အောက် ယုတ်ညံ့လှစွာ၏ ငွေဝယ်ကျွန်စသည်တို့ကား ငါ၏ခေါင်းကိုက်၏ ငါ၏ကျောက်ကုန်းနာ၏ ဟူသောစကားကိုတောင်းပန်ပြောဆို၍နေခြင်းငှါ ရကြကုန်သေး၏ မင်းခယောကျ်ားအား ထိုသို့နေနိုင်ခွင့်မရှိ စေခိုင်းအပ်သောအမှုကို ပြုခြင်းငှါသာသင့်၏။ ထို့ကြောင့် ထိုမင်းခယောကျ်ားသည် မချွတ်ငါကား သွားရတော့အံ့ ကုမုဒြာကြာပန်းတို့နှင့် အရုဏဝတီမြေမည်သည်ကား နဂါးပြည်၌သာလျှင် ရှိသည်ဖြစ်လေ၏။ ငါသည် အဘယ်၌ ရနိုင်ပါအံ့နည်းဟု ကြံစည်လျက် သေအံ့သောဘေးမှ တွေးတော ရှုံကြောက်သည်ဖြစ်၍ လျင်မြန်စွာအိမ်သို့ သွားပြီးလျှင် ချစ်နှမ ငါ့အလို့ငှါ ထမင်းကျက်ပြီလောဟု မေးလေ၏။အရှင်ခုံလောက်ထက်၌သာ ရှိပါသေးသည်ဟု ဆိုလတ်သော် ထိုယောကျ်ားသည် ထမင်းအိုးကို ကျကာလတိုင်အောင် တည်တံ့ဆိုင်းငံ့၍နေခြင်းငှါ မတတ်နိုင်ရကား ဟင်းချိုမှုတ်ဖြင့် ပအုံးရည်ကိုဆောင်ဖ်ခစေ၍ ရတိုင်းသောဟင်းလျာနှင့်တကွ ချွေးမတိတ်သေးသဖြင့် စိုစွတ်သောယမင်းကိုသာလျှင် ပချုပ်တောင်း၌သိပ်ထည့်ကာ ယူဆောင်လျက် တယူဇနာရှိသော ခရီးတိုင်အောင် ပြေးသွားသည်ရှိသော် ထိုယောကျ်ား၏ သွားစဉ်ပင် ထမင်းသည် ကျက်ခြင်း နပ်ခြင်း ဖြစ်ရလေ၏။

---

၁ ကုမုဒြာကြာပန်းဟု ဤကျမ်း၌ဆို၏၊ သံယုတ်အဋ္ဌကထာ၌ ကြာနီပန်းဟုဆို၏။

၂ အရုဏဝတီ မြေဟူသည် နံနက် အရုဏ်ရောင်အဆင်း နီမြန်းခြင်းရှိသော မြေတည်း။

၃ ကျွန်လေးမျိုးကား၊ ၁-အန္တောဇာတ၊ အိမ်ပေါက်ကျွန်။ ၂-ဓနက္ကီတ၊ ငွေဝယ်ကျွန်။ ၃-သာမံဒါသ၊ ကိုယ်တိုင်ကျွန်ခံသောကျွန်။ ၄-ကရမရာနီတ၊ စစ်ပွဲမှ ဘမ်းလာသော သုံ့ရကျွန်။ ဤကား ကျွန်လေးမျိုးတည်း။

ဉ်မရသဖြင့် ထိုမိန်းမကိုအောက်မေ့ကြံစည်စဉ် ကာမတဏှာတည်းဟူသော ပြင်း
ှာသော ပူလောင်ခြင်းသည် ဖြစ်လေ၏ ထိုသို့ကာမတဏှာပူလောင်ခြင်းဖြင့်နှိပ်
က်အပ်သော ထိုပသေနဒီကောသလမင်းကြီးသည် မိုးလင်းစင်သောခဏ၌သာ
လျှင် ထိုယောကျ်ားကို သတ်၍ ထိုမိန်းမကို ဆောင်ယူသိမ်းပိုက်တော့အံ့ဟု
ကြံစည်အောက်မေ့၍ နေလေ၏။

## ဒု-သ-န-သော ဟု ကြားရပုံ

ထိုခဏ၌ပင်လျှင် ယူဇနာခြောက်ဆယ်ရှိသော ¹လောဟကုမ္ဘိငရဲ၌ ဖြစ်ကြ
ကုန်သော ယောကျ်ားလေးယောက်တို့သည် ကျိုက်ကျိုက်ဆူသော ထမင်းအိုး၌
ဆန်တို့ကဲ့သို့ တပြောင်းပြန်ပြန် ကျက်ကုန်လျက် အနှစ်သုံးသောင်းတို့ကြာမှ
အောက်အပြင်သို့ရောက်၍ တပါးသော အနှစ်သုံးသောင်းတို့ကြာမှ တဖန် ငရဲ
အိုးမျက်နှာဝသို့ ရောက်ကြလေကုန်၏။ ထို ငရဲသား လေးယောက်တို့သည်
ဦးခေါင်းကိုပင့်မြှောက်၍ အချင်းချင်းကိုကြည့်ရှုပြီးလျှင် ဂါထာတခုတခုစီ ဆိုလို
ကုန်လျက် ထိုဂါထာကိုရွတ်ဆိုခြင်းငှါ မစွမ်းနိုင်ကုန်ရကား အက္ခရာတလုံးတလုံး
စီကိုသာ ရွတ်ဆိုနိုင်သဖြင့် ပြန်လည်၍ လောဟကုမ္ဘိငရဲသို့သာ နစ်မြုပ်ဝင်သွား
ပြန်လေကုန်၏။ပသေနဒီကောသလမင်းကြီးသည် မအိပ်နိုင်မူ၍ သန်းခေါင်ယာမ်
၏အခြားမဲ့၌ ထိုအသံကိုကြားရလျှင် ကြောက်ရွံ့ထိတ်လန့်သော စိတ်ရှိရကား
အသို့နည်း ငါ၏အသက်အန္တရာယ်တည်း ဖြစ်လတ္တံ့လေလော။ သို့တည်းမဟုတ်
ငါ၏တောင်ညာဒေဝီ မဟေသီမိဖုယားကြီး၏အသက်အန္တရာယ်တည်း ဖြစ်လတ္တံ့
လေလော သို့တည်းမဟုတ် ငါ၏တိုင်းပြည်ကြီးသည်ပင်ပျက်စီးလတ္တံ့လောဟု ကြံ
စည်အောက်မေ့လျက် တညဥ့် ပတ်လုံး မျက်စိတို့ကိုမှိတ်ခြင်းငှါ မှတတ်နိုင်ဘဲရှိလေ
၏။ထိုပသေနဒီကောသလမင်းကြီးသည် အရုဏ်တက်သောအခါ၌ပင် ပုရောဟိတ်
ပုဏ္ဏားကို ခေါ်စေတော်မူ၍ ဆရာပုဏ္ဏား ငါဘုရင်မင်းမြတ်သည် သန်းခေါင်
ယာမ်၏ အခြားမဲ့၌ ကြီးသော ကြောက်မက်ဘွယ်သော အသံကို ကြားအပ်၏။
တိုင်းပြည်အားရင်း မိဖုယားကြီးအားရင်း ငါဘုရင်မင်းမြတ်အားရင်း အဘယ်
သူအား အန္တရာယ်သည် ဖြစ်လတ္တံ့ဟု မသိရ ထို့ကြောင့် ငါဘုရင် မင်းမြတ်သည်
အသင်ဆရာကို ခေါ်စေအပ်၏ဟု မိန့်ဆိုလေ၏။ မြတ်သောမင်းကြီး အဘယ်သို့

၁ စတုတ္ထနိပါတ်ဇာတ်အဋ္ဌကထာ၌ကား သာဝတ္ထိပြည်အနီး လောဟကုမ္ဘိငရဲအိုးလေးခု
တို့၌ ဖြစ်ကုန်၏ဟု ဆို၏။

ထိုသူဌေးသားတို့သည် ထိုအခါမှစ၍ အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာ ကောင်းစွာပြည့်ဝ လှပချောမွေ့ကုန်သော မိန်းမတို့အား ဥစ္စာကို ပေးပို့စေ၍ အနှစ်နှစ်သောင်းတိုင်တိုင် သူတပါးသားမယားအား လွန်ကြူးပြစ်မှားသော အမှုကို ပြုမိခဲ့ကြ၍ စုတေမနေသေလွန်သည်ရှိသော် အဝီစိငရဲကြီး၌ ဖြစ်ကြသဖြင့် ဘုရားနှစ်ဆူတို့၏ တခုသောအကြား ကာလပတ်လုံး ငရဲ၌ ကျက်ပြီးလျှင် ထို အဝီစိငရဲ၌ သေလွန်ပြန်ရကား ထိုမကောင်းမှုကံကြွင်း၏ အစွမ်းအားဖြင့် ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲအိုး၌ ဖြစ်ပြန်သဖြင့် အနှစ်သုံးသောင်း တို့ဖြင့် အောက်အပြင်သို့ ကျရောက်၍ တဖန် အနှစ်သုံးသောင်းတို့ဖြင့် လောဟကုမ္ဘီ ငရဲအိုး၏ အထက်မျက်နှာရေးဝသို့ ရောက်လာသောအခါ တခု စီသောဂါထာကို ရွတ်ဆိုလိုကုန်လျက် ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်ရကား တလုံး တလုံးစီသောအစအက္ခရာကိုရွတ်ဆိုမိပြီးလျှင် တဖန်ကျွမ်းပြန်လျက်ငရဲအိုးသို့သာ နစ်မြုပ်ကာ ဝင်သွားရလေ၏။ တကာ ေတာ်မင်းကြီး လျှောက်ဆိုလေလော့ အသင်မင်းကြီးသည် ရှေးဦးစွာအဘယ်မည်သောအသံကို ကြားအပ်ပေသနည်း ဟု မေးတော်မူလျှင် မြတ်စွာဘုရား ဒု - ဟူသောအသံကို ကြားရပါသည် ဘုရား ဟု လျှောက်လေ၏။ မြတ်စွာဘုရားလည်း ထိုငရဲသားသတ္တဝါသည် မပြည့်မစုံ ဘဲရွတ်ဆိုအပ်သောဂါထာကို အပြည့်အစုံပြု၍ ဟောပြတော် မူလိုသောကြောင့် ဤသို့မိန့်တော်မူလေ၏။

## ဒု–သ–န–သော အကျယ်ဂါထာ

ဒုဇ္ဇီဝိတမဇီဝိမှ၊ ယေသံ နော နဒဒမှသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

ယေသံနော၊ အကြင်ငါတို့အား။ တနည်းကား။ ယေသံနော၊ အကြင်ငါတို့ သည်။ ဘောဂေသု၊ စည်းစိမ်ဥစ္စာတို့သည်။ ဝိဇ္ဇမာနေသု၊ ထင်ရှားရှိကုန်လျက်။ နဒဒမှသေ၊ မပေးမလှူမိကုန်။အတ္တနော၊မိမိ၏။ဒီပံ၊ မှီခိုရာကိုင်းကျွန်းသဘွယ်ဖြစ် သောကုသိုလ်ကောင်းမှုကံကို။နအကမှ၊ မပြုမိကုန်။တေနော၊ ထိုငါတို့သည်။ဒုဇ္ဇီ ဝိတံ၊မကောင်းသဖြင့်အသက်မွေးခြင်းကို။ အဇီဝိမှ၊အသက်မွေးမိကြလေကုန်၏။

ထိုအခါမင်းကြီးအား ဤဂါထာ၏ အနက်ကို ပြတော်မူပြီးလျှင် တကာတော် မင်းကြီး သင်မင်းကြီးသည် နှစ်ခုမြောက်သောအသံ, သုံးခုမြောက်သောအသံ

ဤသို့အစဉ်အတိုင်းဤဂါထာတို့ကိုယှဉ်စပ်ဟောပြတော်မူပြီးလျှင် ထို့နောက်မှ မြတ်စွာဘုရားသည် အနက်ကိုပြတော်မူလိုရကား တကာတော်မင်းကြီး ဤသို့လျှင် ထိုလေးယောက်ကုန်သော သူတို့သည် တခုတခုသောဂါထာကို ရွတ်ဆိုခြင်းငှါမတတ်နိုင်ကြကုန်ရကားတလုံးတလုံးသာလျှင် ဖြစ်သော အက္ခရာကို ရွတ်ဆိုပြီး တဖန် ထိုငရဲသားသတ္တဝါတို့သည် လောဟကုမ္ဘီငရဲသို့သာ ဝင်ရပြန်လေတော့သည်ဟု မိန့်တော်မူလေ၏။

## မင်းခယောကျ်ားနှင့် ပေါင်းဆုံမိကြခြင်း

[ထိုဒုသနသော ဟူသောအသံကို ပသေနဒီကောသလမင်းကြီး နားဖြင့်ဆတ်ဆတ် ကြားရသော အချိန်အခါမှအစပြု၍ ထိုငရဲသား လေးယောက်တို့သည် အောက်သို့နစ်မြုပ်ကျလျော နေကြကုန်သည်သာလျှင် ဖြစ်ကုန်သတတ်။ ဤသို့လျှင် ယနေ့တိုင်အောင်လည်း အောက်သို့နစ်မြုပ်ကျလျော နေကြဆဲသာတည်း။ အဘယ့်ကြောင့်ဆိုသော် [1]နှစ်တထောင်မျှ မလွန်သေးသောကြောင့်တည်း။]

ထိုတရားဒေသနာဇတော်ကို ကြားရလျှင် ပသေနဒီ ကောသလမင်းကြီး၏ သန္တာန်၌ ကြီးစွာသော ထိတ်လန့်ခြင်းသည် ဖြစ်ပေါ်လာလေ၏။ သူတပါး၏ မယား၌ ကြူးလွန်စော်ကားပြစ်မှားသော ထိုမကောင်းမှုမည်သည် ဝန်လေးလှ၏တကား နှစ်ဆူသောဘုရားရှင်တို့၏ တခုသော အကြားကာလပတ်လုံး ဤသို့ငရဲ၌ ကျက်ပြီးလျှင် ထိုငရဲမှ စုတေသည်ရှိသော် ယူဇနာ ခြောက်ဆယ် ရှိသော လောဟကုမ္ဘီ ငရဲအိုး၌ဖြစ်ရ၍ ထိုလောဟကုမ္ဘီငရဲအိုး၌ ဗာနှစ်ခြောက်သောင်းတို့ပတ်လုံး ကျက်၍ ခံစားကာနေရပါလျက်လည်း ထိုငရဲသားတို့အား ဆင်းရဲမှ လွတ်အံ့သောအခါသည် မထင်ရှားခဲ့သတတ်။ ငါသည်လည်း သူ့မယား၌ချစ်ခင်ခြင်းကို ပြုမိသောကြောင့် အလုံးစုံသော ညဉ့်သုံးယာမ်ပတ်လုံး အိပ်ပျော်ခြင်းကို မရလေ။ ယခုအခါ ဤနေ့မှစ၍ သူတပါး၏မယား၌ ပြစ်မှားသောစိတ်ကို မဖွဲ့ တော့အံ့ (မဖြစ်စေတော့အံ့)ဟု ပသေနဒီကောသလမင်းကြီးကြံလျက် မြတ်စွာ

---

၁ ဤဓမ္မပဒ အဋ္ဌကထာကျမ်းကြီး စီရင်ပြုစုစဉ်အခါ၌မူကား ဒုသနသောတို့ မြုပ်နှစ်သည်မှာ နှစ်တထောင်မရှိသေးသော်လည်း ယခုအခါ၌မူကား နှစ်ပေါင်း ၂၀၀၀-ကျော်ပြီဟု ဆိုရမည် ယနေ့လည်း မြုပ်နှစ်ဆဲပင်တည်း အဘယ့်ကြောင့်ဆိုသော် အနှစ်သုံးသောင်း မပြည့်သေးသေးကြောင့်တည်း။

တဖန် ဗာရာဏသီပြည့်ရှင်မင်းကြီးက ငါ့ကို အကယ်၍ ရှိမခိုးသည်ရှိသော် ငါ့အားမင်း၏စည်းစိမ်ချမ်းသာ အသရေကို ပေးတော်မူတတ်သော ဤသို့ ကြီးမြတ်သော တန်းခိုးအာနုဘော် ရှိတော်မူပေသော နတ်မင်းကြီးကို အဘဲ့ကြောင့် နင်ရှိမခိုးလေဘိသနည်းဟု ဆိုပြန်လတ်သော် အရှင်မင်းမြတ် အရှင်မင်းမြတ်သည် မိမိ၏ကောင်းမှု ဘုန်းကံတော်ဥတည်၍ မင်းတို့ကို ဖမ်းယူအပ်ကုန်၏။ နတ်မင်းသည် ဖမ်းယူ၍ ပေးအပ်ကုန်သည် မဟုတ်ဟု ပြောဆိုပြန်လေ၏။ တဖန်လည်း ထိုဓမ္မဒိန္နာမိဖုယားကို နတ်မင်းသည် အရှင်မ ဟုတ်မှန်လှပေ၏ အရှင်မ ဟုတ်မှန်လှပေ၏ဟု ပြောဆိုချီးမွမ်း၍ ရှေးနည်းအတူသာလျှင် ပူဇော်ပြန်လေ၏။တဖန် ဓမ္မဒိန္နာမိဖုယားသည် မင်းကြီးကို ဤသို့ပြောဆိုလေ၏။ အရှင်မင်းကြီး အရှင်မင်းကြီးက ဤပညောင်ပင်စောင့် နတ်မင်းသည် ငါ့အား ဤမျှလောက်သော မင်းတို့ကို ဖမ်းယူ၍ပေး၏ဟု ဆိုဘိ၏။ယခုအခါ အရှင့် ထိုနတ်မင်းကြီး၏ အထက်လက်ဝဲနံပါး၌ သစ်ပင်မီးကျွမ်းနေသည် အရှင့်ထိုနတ်မင်းကြီးသည် ယင်းသို့ ကြီးကျယ်သော တန်းခိုးအာနုဘော်ရှိပါလျက် ထိုမီးကိုငြိမ်းစေမိ့သောငှါ မတတ်နိုင်ရှာလတ္တံ့ဟု ပြောဆိုပြန်လေ၏။ တဖန်လည်း ဓမ္မဒိန္နာမိဖုယားကို နတ်မင်းသည် အရှင်မ ဟုတ်မှန်လှပေ၏ အရှင်မ ဟုတ်မှန်လှပေ၏ဟု ပြောဆို ချီးမွမ်းပြီးလျှင် ရှေးနည်းအတူသာလျှင် ပူဇော်ပြန်လေ၏။

ဓမ္မဒိန္နာမိဖုယားသည် ထိုစကားကိုပြောဆိုနေစဉ်ပင် ငိုလည်းငို၏။ရယ်လည်း ရယ်၏။ ထိုအခါ ဓမ္မဒိန္နာမိဖုယားကို ဗာရာဏသီမင်းကြီးသည် အသို့နည်း နင်ရူးသွပ်လေသလောဟု ဆိုလေသဖြင့် အရှင်မင်းကြီး အဘဲ့ကြောင့် ဤသို့ဆိုလေဘိသနည်း အကျွန်ုပ်ကဲ့သို့သော မိန်းမတို့သည် ရူးသွပ်ကြသည် မဟုတ်ကုန်ဟု ပြန်ပြောလေ၏ ထိုအခါ ဓမ္မဒိန္နာမိဖုယားကို အဘဲ့ကြောင့် ငိုလည်းငို့,ရယ်လည်းရယ်လေဘိသနည်းဟု မေးပြန်သော် အရှင်မင်းကြီး နားထောင်တော်မူပါလော့ ချဲ့၍ ပြောဆိုပေအံ့ ကျွန်တော်မသည် ရှေးလွန်လေပြီးသောအခါ အမျိုးသမီးဖြစ်၍ ခင်ပွန်းသည် လင်ယောက်ျား၏ အိမ်၌ နေစဉ် အရှင်လင်ယောက်ျား၏ အဆွေခင်ပွန်းဖြစ်သော ဧည့်သည်ကိုမြင်၍ ထိုဧည့်သည်အလို့ငှါ ထမင်းကို ချက်ပြုတ်လိုသောကြောင့် အမဲသားကိုဆောင်ခဲ့ချေလောဟု ကျွန်မတယောက်အား အသပြာကိုပေးလိုက်ရာ ထိုကျွန်မသည် အမဲသားကို မရခဲ့သောကြောင့် ပြန်လာ

ယုတ်ညံ့သောသူကို အစဉ်သနားခြင်း အစဉ်စောင့်ရှောက်ခြင်းမှ ကင်းသဖြင့် မမှိုဝဲမဆည်းကပ်အပ်ဟု ဘုရားဟောတော်မူသည် ထို့ကြောင့်သနားခြင်းကို အစွဲပြု၍ ဤသူသည် ငါ့ကိုအမှီပြုရသည်ရှိသော် သီလစသောဂုဏ်တို့ဖြင့်တိုးပွါးပေလတ္တံ့ ဟု နှလုံးပြုလျက် ထိုသူ့အထံမှ တစုံတခုသောပစ္စည်းအာမိသကို မတောင့်တဘဲ ချီးမြှောက်ခြင်းငှါ စွမ်းနိုင်ပါမူ အပြစ်မရှိပေ။ မစွမ်းနိုင်ပါမူကား တယောက်ထည်းသာ ကျင့်သောအကျင့်ကိုမြဲမြံစွာပြု၍ သွား, ရပ်, ထိုင်, လျောင်း လေးပါးသော ဣရိယာပုထ်အပေါင်း၌တယောက်ထည်းသာ နေထိုင်ရာ၏ အဘဲ့ကြောင့်ဆိုသော် စူဠသီလ, မဇ္ဈိမသီလ,မဟာသီလ, ဆယ်ပါးသောကထာဝတ္ထု, တဆဲ့သုံးပါးသော ဓုတင်ဂုဏ်ကျေးဇူး, ဝိပဿနာဂုဏ်ကျေးဇူး, မဂ်လေးပါး, ဖိုလ်လေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး တည်းဟူသောအပေါင်းအဘော်၏ဖြစ်ကြောင်း "သဟာယတာ" မည်သော ဂုဏ်ကျေးဇူးသည် မလိမ္မာသောသူကို အမှီပြု၍ မရှိနိုင် မဖြစ်နိုင်ဟူလို။]

## ဒေသနာတော်၏ အကျိုး

တရားဒေသနာတော်၏အဆုံး၌ ရာဇဂြိုဟ်ပြည်မှ ကြွလာသော အာဂန္တုကရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုမှတပါး များစွာသောသူတို့သည်လည်း သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။ လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

မဟာကဿပမထေရ်မြတ်၏ တပည့်ဝတ္ထု ပြီး၏။

---

## ၃—အာနန္ဒာသူဌေးကြီး ဝတ္ထု

ပုတ္တာ မတ္ထိ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူစဉ် [၁]အာနန္ဒာအမည်ရှိသောသူဌေးကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

---

၁ အာနန္ဒ—ဟု ပုလ္လိင်အကာရန္တဖြင့်သာ ဆိုသင့်သော်လည်း မြန်မာတို့ခေါ်ဝေါ်မှု၌အာနန္ဒာဟု ပုလ္လိင် အာကာရန္တ ဆိုလေ့ရှိကြသည်။ သာရိပုတြာ အရိယာ သံဃာတို့၌လည်းနည်းတူ။

## အာနန္ဒာသူဌေးကြီးသေ၍ လူ့ပြိတ္တာဖြစ်ခြင်း

သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော စည်းစိမ်ဥစ္စာရှိသည်ဖြစ်၍ လွန်မင်းစွာနှမြောဝန်တိုသော သဘောရှိသော အာနန္ဒာအမည်ရှိသော သူဌေးတဦးသည်ရှိပေသတတ် ထိုအာနန္ဒာသူဌေးသည် လခွဲတိုင်းလခွဲတိုင်း ဆွေမျိုးဉာတကာတို့ကိုစည်းဝေးစေ၍ မူလသိရိအမည်ရှိသော မိမိ၏သားကို သုံးပါးသောအခါတို့၌ ဤသို့သော အဆုံးအမဩဝါဒကိုပေး၏။ ဤကုဋေလေးဆယ် မျှလောက်သော ပစ္စည်းဥစ္စာကိုများလှပြီဟူသောအမှတ်သညာကို မပြုလေလင့် ထင်ရှားရှိနေသော ဥစ္စာကို မပေးကမ်းအပ် အသစ်ဖြစ်သောဥစ္စာကို တိုးပွါးစေအပ် ဖြစ်စေအပ်၏ ထိုစကားမှန်၏တသပြာမျှဖြစ်သော ဥစ္စာကိုလည်း ကုန်ခန်းပျက်စီးအောင် ပြုသောသူအားဥစ္စာသည် တဖြည်းဖြည်း ကုန်သည်သာတည်း။ ထို့ကြောင့်—

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဥပစိကာနဉ္စ အာစယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။

ပဏ္ဍိတော၊ ပညာရှိသည်။ အဉ္ဇနာနံ၊ မျက်စဉ်းတို့၏။ ခယံစ၊ ကုန်ခြင်းကိုငင်း။ ဥပစိကာနံ၊ သေးငယ်စွာလှ ပိုးရွ ခြ တို့၏။ အာစယဉ္စ၊ တောင်ပို့ ဖြစ်အောင် ပေါင်းစုခြင်းကိုငင်း။ မဓူနံ၊ ပျားကောင်တို့၏။ သမာဟာရံစ၊ ပျားလပို့ ဖြစ်အောင် ပန်းယက်စုပေါင်းကာ ဆောင်ယူခြင်းကိုငင်း။ ဒိသွာ၊ ကြည့်ရှု၍။ ဃရံ၊ အိမ်ကို။ ဝါ၊ အိမ်၌။ အာဝသေ၊ အုပ်ချုပ်သချာ နေထိုင်ရာ၏။

ဤသို့ အဆုံးအမဩဝါဒကိုပေး၏ ထိုသူဌေးကြီးသည် နောက်အဘို့ဖြစ်သော တပါးသောအခါ၌ မိမိ၏ရွှေအိုးကြီးငါးလုံးကို မိမိ၏သားဖြစ်သော မူလသိရိအား မပြောမကြားမူ၍ ဥစ္စာကိုမှီ၍ဖြစ်သော နှမြောဝန်တိုခြင်းတည်းဟူသော အညစ်အကြေး ယှက်မှေးလိမ်းကျံလျက် စုတိပြောင်းကွေ့ သေလွန်ခြင်းကို ပြုရလေသောကြောင့်ထိုသာဝတ္ထိပြည်၏သာလျှင်တခုသောတံခါးအနီးရွာ၌ဒွန်းစဏ္ဍားတို့၏ အမျိုးတထောင်သည် နေထိုင်၏။ ထိုရွာတွင် ဒွန်းစဏ္ဍားမတယောက်၏ဝမ်း၌ ပဋိသန္ဓေစွဲယူလေ၏။

သာဝတ္ထိပြည်ကြီးရှင် ဘုရင် ပသေနဒီကောသလမင်းကြီးသည် ထိုအာနန္ဒာသူဌေး၏ သေလွန်ခြင်းကို ကြားသိတော်မူသဖြင့် သူဌေး၏သားဖြစ်သော မူလ

တော်မူလေ၏။ ထိုမူလသိရိသူဌေးသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ခြင်းသို့ ရောက်လေ၏။ ထိုမူလသိရိသူဌေးအား တရားဟောကြားတော်မူလို မြန်ရကား ဤဂါထာကို မိန့်တော်မူလေ၏။

## ဒေသနာတော်

၆၂ ပုတ္တာ မတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။

မေ၊ ငါ့အား။ ပုတ္တာ၊ သားသမီးတို့သည်။ အတ္ထိ၊ ရှိကုန်၏။ မေ၊ ငါ့အား။ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဗာလော၊ မလိမ္မာသောသူမိုက်သည်။ 'တဏှာယ၊ သားသမီးဥစ္စာတပ်ငြိကာဖြင့်'။ ဝိဟညတိ၊ ပင်ပန်းဆင်းရဲ၏။ ဧဝံပိ၊ ဤသို့ပင်ပန်းဆင်းရဲရပါသော်လည်း။ အတ္တာဟိ၊ မိမိပင်သော်လည်း။ အတ္တနော၊ မိမိ၏။ 'တာဏာယ၊ ကိုးကွယ်ရာ စောင့်ရှောက်ရာအကျိုးငှါ'။ နတ္ထိ၊ မရှိ။ ပုတ္တာ၊ သားသမီးတို့သည်။ ကုတော၊ အဘယ်မှာ ရှိကုန်အံ့နည်း။ ဓနံ၊ ဥစ္စာသည်။ ကုတော၊ အဘယ်မှာရှိနိုင်အံ့နည်း။

## ဒေသနာတော်၏ အကျိုး

တရားဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးတရားအထူးကို သိခြင်းသည် ဖြစ်လေ၏။ လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

အာနန္ဒာသူဌေးကြီးဝတ္ထု ပြီး၏။

---

## ၄–အထုပ်ဖြေတတ်သော ခိုးသူနှစ်ယောက် ဝတ္ထု

ယောဗာလော–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သူတပါးတို့၏ ဥစ္စာထုပ်ကို ဖြေဖျက်၍ ခိုးယူတတ်ကုန်သော ခိုးသူတို့ကိုအကြောင်းပြု၍ ဟောတော်မူလေ၏။

ကံတရားသည်။ ကဋ္ဌကံ ဖလံ၊ ခါးစပ်ကျင်နာ မခံသာအောင်ဆင်းရဲသောအကျိုး ရှိသည်။ ဟောတိ၊ ဖြစ်၏။

## ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။

သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု ပြီး၏။

---

## ၈—လယ်ထွန်ယောက်ျား ဝတ္ထု

နတံကမ္မံ ကတံ သာခု— အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် လယ်ထွန်ယောက်ျား တယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

## ငွေထုပ်လော မြွေဆိုးလော မှတ်သားဘွယ်

ထိုလယ်ထွန်ယောက်ျားသည် သာဝတ္ထိပြည်မှ မနီးမဝေးသောအရပ်၌ တခု သောလယ်ကိုထွန်ယက်နေသတတ်။ ခိုးသူတို့သည် ရေပြွန်ပေါက်ဖြင့်သာလျှင်မြို့သို့ ဝင်၍ တဦးသောပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသောအမျိုးအိမ်၌ဥမင်လိုင်ခေါင်းကို ဖျက်ဆီးဖေါက်ထွင်း၍ များစွာသော ရွှေငွေတို့ကိုယူပြီးလျှင် ရေပြွန်ပေါက်ဖြင့် သာလျှင် ထွက်ခဲ့ကြလေကုန်၏။ တယောက်သောခိုးသူသည် အဘော်ခိုးသူတို့ကို လှည့်ပတ်ပြီးလျှင် အသပြာတထောင်ဝင် အိတ်တလုံးကို ခါးတောင်းကျိုက်၌ ထားလျက် ထိုလယ်သို့သွား၍ အဘော်ခိုးသူတို့နှင့်ဥစ္စာကိုခွဲဝေကာယူပြီးမှ သွား လေသည်ရှိသော် ခါးတောင်းကျိုက်မှကျသော အသပြာတထောင်ဝင် အိတ်ကို မမှတ်သားမိ သတိမရဖြစ်လေ၏။ ထိုနေ့၌ မြတ်စွာဘုရားသည် နံနက်စောစော မိုးသောက်သောအခါ လောကကို ကြည့်ရှုတော်မူသည် ရှိသော် ထိုလယ်ထွန် ယောက်ျားကိုကိုယ်တော်မြတ်၏ဉာဏ်တော်တည်းဟူသော ကွန်ယက်၏အတွင်း၌ ဝင်လာသည်ကိုမြင်ရတော်မူသဖြင့် အသို့ဖြစ်လတ္တံ့နည်းဟု စူးစမ်းဆင်ခြင်တော် မူပြန်သည်ရှိသော် ဤလယ်ထွန်ယောက်ျားသည် နံနက်စောစောကပင်လျှင် လယ်

ရွက်ပွင့်ချပ်တို့သည်ကား အပသို့ရှေးရှုမျက်နှာမူကြကုန်၏ မြတ်စွာဘုရားသည် ငွေပြားငွေချပ် ဝန်းရံအပ်သကဲ့သို့ဖြစ်၍ ကြွသွားတော်မူလေ၏။ ပန်းတို့သည် စိတ်စေတနာမရှိသော အဝိညာဏကပင် ဖြစ်ကုန်သော်လည်း စိတ်စေတနာ ရှိသော သဝိညာဏကဖြစ်သော မြတ်စွာဘုရားကိုမှီ၍ စိတ်စေတနာရှိဘိသကဲ့သို့ မပြိုမပျက်မပြုတ်မကျမူ၍ ဘုရားရှင်နှင့် အတူတကွသာလျှင် သွားကြကုန်၏ ရပ်တော်မူရာ ရပ်တော်မူရာဌာန၌ ရပ်တည်ကြကုန်၏။

ဘုရားရှင်၏ ကိုယ်တော်မှ တသိန်းမျှလောက်သော လျှပ်စစ်နွယ်တို့ ပမာ ရောင်ခြည်တော် များစွာတို့သည် ရစ်သန်းပြိုးပြက် ထွက်တော်မူကြလေကုန်၏ ရှေ့တော်မှရင်း နောက်တော်မှရင်း လကျာ်တော်မှရင်း လက်ဝဲတော်မှရင်း ဦးခေါင်းတော်၏ အထက်တော်မှရင်း မပြတ်မလပ်ထွက်သော ရောင်ခြည်တော် တို့သည် အထူးထူးအားဖြင့် ထွက်ခွါပြေးသန်း ကြွမြန်းတော်မူကြကုန်၏ တခု သော ရောင်ခြည်တော်မျှလည်း ရှေးရှုရာ ရှေးရှုရာ အရပ်သို့သာလျှင် မပြေး သွားသေးမူ၍ ခပ်သိမ်းသောရောင်ခြည်တော်တို့သည် မြတ်စွာဘုရားကို သုံးကြိမ် တိုင်တိုင် လကျာ်ရစ်လှည့်လည်သည်ကိုပြု၍ ပျိနုသောထန်းပင်၏ ပင်စည်လုံးပတ် ပမာဏရှိကုန်လျက် ရှေ့တော်မှသာလျှင် ပြေးသွားကြကုန်၏ အလုံးစုံသော ရာဇဂြိုဟ်ပြည်ကြီးသည် အုတ်အုတ်ကျက်ကျက် တုန်လှုပ် ချောက်ချားလေ၏။ ပြည်တွင်းကိုးကုဋေ ပြည်ပကိုးကုဋေ အားဖြင့် တဆဲ့ရှစ်ကုဋေတို့တွင် တယောက် သော ယောကျာ်းသည်ရင်း တယောက်သော မိန်းမသည်ရင်း လှူဒါန်း ဘွယ်ရာ သော ဆွမ်းကိုယူ၍ အိမ်မှမထွက်သောသူမည်သည်မရှိ များစွာသော လူအပေါင်း သည် ရဲရင့်စွာသောအသံကို ကြွေးကြော်လျက် ပုဆိုးဦးရစ်မြှောက်ခြင်း ပစ်ခြင်း တထောင်တို့ကို ပြုသည်ဖြစ်၍ မြတ်စွာဘုရား၏ ရှေ့တော်မှသာလျှင် သွားလေ၏ မြတ်စွာဘုရားသည်လည်း သုမနပန်းသည်၏ ဂုဏ်ကျေးဇူးကို ထင်ရှားအောင် ပြုခြင်းငှါ သုံးဂါဝုတ် အတိုင်းအရှည်ရှိသော မြို့တွင်း၌ စည်လှည့်လည်သော ခရီးလမ်းဖြင့်သာ ကြွတော်မူလေ၏။ သုမနပန်းသည်၏ ကိုယ်အလုံးသည် [၁] ငါးပါး

၁ ပီတိ-ငါးမျိုး။ ၁—ခုဒ္ဒကာပီတိ အနည်းငယ်နှစ်သက်ခြင်း။ ၂—ခဏိကာပီတိ တခဏ နှစ်သက်ခြင်း။ ၃-ဩက္ကန္တိကာပီတိ သက်ဝင်၍ နှစ်သက်ခြင်း။ ၄—ဥဗ္ဗေဂါပီတိ ကောင်းကင်သို့ လွင့်ဘက်စေတတ်သော နှစ်သက်ခြင်း။ ၅-ဖရဏာပီတိ ကိုယ်အလုံးပြန့်နှံ့သော နှစ်သက်ခြင်း။

၇၄ မမေဝ ကတမညန္တု၊ ဂိဟီပဗ္ဗဇိတာ ဥဘော။
မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ။

ယောဗာလော၊ အကြင် မလိမ္မာသော ရဟန်းသည်။ အသန္တဘာဝနံ၊ ထင်ရှားမရှိသော ချီးမွမ်းခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

[သဒ္ဓါတရားမရှိသောသူ ဖြစ်လျက် သဒ္ဓါတရားရှိသော ရဟန်းဟူ၍ လူအပေါင်း သိပါစေဟု အလိုရှိ၏။ သီလမရှိ သမာဓိမရှိ ပညာမရှိ ဗဟုဿုတမရှိဘဲလျက် သီလရှိသူ ။လ။ ဗဟုဿုတရှိသူ ဟူ၍ငြင်း ရဟန္တာမဟုတ်ဘဲလျက် ရဟန္တာဟူ၍ငြင်း လူအပေါင်းသိမှု ကောင်းလေစွဟု မိမိကိုယ်၌ ထင်ရှားမရှိသော ချီးမွမ်းခြင်းကိုအလိုရှိ၏။]

ဘိက္ခုသု၊ ရဟန်းတို့၌။ ပုရေက္ခာရဉ္စ၊ မိမိကိုခြံရံခြင်းကိုငြင်း။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

[ကျောင်းတိုက်ကြီးတခုလုံး၌ရှိကြသောရဟန်းတို့သည် ငါ့ကိုဝန်းရံလျက် မသိသော အရာပြဿနာကို မေးမြန်းကြရသဖြင့် ငါနေရမှု ကောင်းလေစွဟု အလိုဆိုး၌တည်၍ ရှေ့သွားပြုခြင်း ခြံရံခြင်းကို ရဟန်းတို့ အလယ်၌ အလိုရှိ၏။]

အာဝါသေသု၊ ကျောင်းတို့၌။ ဣဿရိယဉ္စ၊ အစိုးရခြင်းကိုငြင်း။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

[သံဃိကကျောင်းတို့၌ သော်လည်း နေရာကောင်း, ဧကျောင်းကောင်းတို့ကို မိမိနှင့်ချစ်ကျွမ်းဝင်သော ရဟန်းတို့အား အရှင်တို့ ဤကျောင်း၌ နေကြကုန်လော့ဟု စီမံလျက် မိမိကိုယ်တိုင်ကား အလွန့်အလွန် ကောင်းသောကျောင်းကို စောင့်ရှောက်သုတ်သင်လျက် အရပ်တပါးမှ ရောက်လာသော အာဂန္တုရဟန်းတို့အား နေရာအစွန်အဖျား ယုတ်ညံ့သောကျောင်းတို့ကိုငြင်း မကောင်းဆိုးဝါးရှိသော ကျောင်းတို့ကိုငြင်း အရှင်တို့ ဤကျောင်း၌ နေကြကုန်လော့ဟု စီမံလျက် ကျောင်းကန် အရိပ်အာဝါသတို့၌ ပိုင်စိုးပိုင်နင်း ပြုလုပ်လို၏။]

[စိတ္တသူကြွယ်၏ နှမ်း ဆန် စသော လှူဘွယ်ဝတ္ထု ပစ္စည်းတို့ကို သိုမှီးရန် ခွင့်ပြုအပ်သောနေရာအရပ်သည် သိုမှီးကောင်းသော အပ်သော ၁ကပ္ပိယကုဋိ ဖြစ်သတတ်။]

## ဘုရားဖူးအပြန် ရတနာ၃ခုနစ်ပါး အပြည့်ရခြင်း

စိတ္တသူကြွယ် ဥပါသကာ သည်လည်း မိမိနှင့်အတူတကွ လိုက်လာ ကြကုန်သော သုံးထောင်သော သူတို့နှင့်အတူ အချည်းနှီးသော လှည်းတို့ဖြင့် တဖန် လမ်းခရီးသို့ သွားလေ၏ နတ်လူတို့သည် ထလာကြကုန်၍ အရှင်သူကြွယ် အရှင်သည် အချည်းနှီးသော လှည်းတို့ဖြင့် သွားခြင်းအမှုကို ပြုအပ်ဘိသည်တကားဟု ဆိုကုန်လျက် ရတနာ ၃ခုနစ်ပါးတို့ဖြင့် လှည်းတို့ကို ပြည့်စေကြလေကုန်၏ စိတ္တသူကြွယ်လည်း ပို့သလာသော လက်ဆောင် ပဏ္ဏာကာရဖြင့်သာလျှင် လူများ အပေါင်းကို စောင့်ရှောက်သမှု ပြုစုလုပ်ကျွေးကာ ပြန်သွားလေ၏ အရှင်အာနန္ဒာ မထေရ်သည်လည်း မြတ်စွာဘုရားကို ရှိခိုးလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား စိတ္တသူကြွယ်သည် ရှင်တော်ဘုရားတို့၏ အထံတော်သို့ လာသောအခါလည်း ,တလတိုင်တိုင် လာပါရသည် ဤကျောင်းတော်၌လည်း တလတိုင်တိုင်သာလျှင် နေပါသည်ဘုရား ဤမျှလောက်သော ကာလပတ်လုံး နတ်လူတို့သည် ရှေးရှုဆောင်ယူ ပေးလာအပ်သော လက်ဆောင်ဖြင့်သာလျှင် ကြီးစွာသော အလှူဒါနကို ပေးလှူပါလေပြီ ယခုအခါ လှည်းငါးရာတို့ကို အချည်းနှီး ပြု၍ တလဖြင့်သာလျှင် သွားရလိမ့်မည် ဖြစ်ပါသတတ် နတ်လူတို့သည် ထိုစိတ္တသူကြွယ်အား ထလာကြကုန်၍ အရှင်သူကြွယ် အရှင်သည် အချည်းနှီးသော လှည်းတို့ဖြင့် သွားခြင်းအမှုကို ပြုအပ်ဘိသည် တကားဟု ဆိုကုန်လျက် လှည်းငါးရာတို့ကို ရတနာ၃ခုနစ်ပါးတို့ဖြင့် ပြည့်စေကြလေကုန်၏။

ထိုစိတ္တသူကြွယ်သည် တဖန် မိမိအား ပို့သလာသော လက်ဆောင် ပဏ္ဏာကာရဖြင့်သာလျှင် လူများအပေါင်းကို စောင့်ရှောက်သမှု ပြုစုလုပ်ကျွေးကာ

၁ ကပ္ပိယကုဋိဟူသည်ကား ခဲဘွယ်ဘောဇဉ်တို့ကို ညဉ့်သိပ်သိုမှီး၍ ထားကောင်းသော ရဟန်းတို့နေရာ ကျောင်းပေတည်း။ ထိုနေရာကျောင်းသည် ၁-ဥဿာဝနန္တိကကုဋိ ၂ ဂေါနိသာဒိကကုဋိ ၃-ဂဟပတိကုဋိ ၄-သမ္မုတိကုဋိဟု လေးမျိုး ရှိ၏၊ ထိုလေးမျိုးမှ လွတ်သော နေရာကျောင်းသည် အကပ္ပိယကုဋိမည်၏၊ ခဲဘွယ်ဘောဇဉ်တို့ကို ညဉ့်သိပ် သိုမှီးမိလျှင် ရဟန်းတို့မစားအပ် အန္တောဝုတ္ထဒုက္ကဋ် အာပတ်သင့်သည်။

ထုတ်ဆောင်ကယ်ဆယ်လိုသော သဘောရှိသော ပညာရှိလည်း တယောက် ဖြစ်၏ ထိုနှစ်မျိုးတို့တွင် နောက်ပုဂ္ဂိုလ်သာ ဤနေရာ၌ အလိုရှိအပ်သည် ဤ ဥစ္စာယူခဲ့ဟု ခြိမ်းခြောက်သော်၎င်း ရိုက်ပုတ်သော်၎င်း ရွှေအိုးကိုမြင်သော သူဆင်းရဲသည် အမျက်မထွက် လွန်စွာဝမ်းမြောက်သကဲ့သို့ ဤအတူသာလျှင် ဤသို့သဘောရှိသော နောက်ပုဂ္ဂိုလ်သည် မလျော်သော ပြစ်ချက်ကို မြင်သ ဖြင့်ပြောကြားလျှင် အမျက်မထွက်အပ် နှစ်သက်ဝမ်းမြောက်အပ်၏ အရှင် ဘုရား ဆရာဥပဇ္ဈာယ်အရာ၌တည်၍ ဆိုဆုံးမကုန်သော အရှင်မြတ်ဘုရားတို့ ပြုသောအမှုသည် လွန်စွာကျေးဇူး များလှပါသည် နောက်တဖန်လည်း ပြောဆို ဆုံးတော်မူကြပါဘုရားဟု ဘိတ်ကြား လျှောက်ထားထိုက်၏ နှိပ် ကွပ်ဆုံးမတတ်သောသူကား အချို့သောဆရာသည် သဒ္ဓိဝိဟာရိက တပည့် စသည်တို့၏ မလျော်ချွတ်ချော်သော အပြစ်ကိုမြင်လျှင် ဤတပည့်သည် ငါ့အားရိုသေစွာ လုပ်ကျွေးပေ၏ အကယ်၍ ပြောဆို ဆုံးမသည်ဖြစ်အံ့ မလုပ်ကျွေးဘဲ နေလတ္တံ့ ဤသို့လျှင် ငါ့အားဆုတ်ယုတ်လတ္တံ့ဟု မပြောဝံ့ မဆိုဝံ့ရကား နှိပ်ကွပ်ဆုံးမတတ်သောသူမမည် သာသနာတော်၌ အမှိုက်ဖြန့် ကြဲသောသူ မည်၏ အကြင်ဆရာသည် ထိုသို့သဘောရှိသော အပြစ်ကိုမြင် လျှင် အပြစ်အားလျော်စွာခြိမ်းခြောက်မောင်းမဲလျက် ဖယ်ထုတ်လျက်ဒဏ် ပေးလျက် ကျောင်းမှနှင်ချလျက် ဆုံးမတတ်၏ ထိုဆရာသည် ဘုရားရှင်နှင့် အလားတူ နှိပ်ကွပ်ဆုံးမတတ်သောသူ မည်၏ ထက်မြက်သော ပညာရှိကား ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော တရားကြောင့် ဖြစ်သော ပညာနှင့် ပြည့်စုံသောသူ ဖြစ်၏ ထိုသို့သဘောရှိသော ပညာရှိပုဂ္ဂိုလ်ကိုသာ နှစ်သက် စွာမှီဝဲဆည်းကပ်သော တပည့်အား ဆုတ်ယုတ်ခြင်းမရှိ တိုးပွား ထွန်းကား သည်သာတည်း။]

## ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။

ရာဓမထေရ်ဝတ္ထု ပြီး၏။

နေ့၌ ပြုလုပ်ပါလိမ့်ဦးမည်ဟု လျှောက်ကြားသဖြင့် ပစ္စေကဗုဒ္ဓါတို့ကို မပင့်ဘိတ်မူ၍ သာလျှင် နန်းအိမ်ခန်းတွင်းသို့ ဝင်သွားလေ၏ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့လည်း အရပ်တပါးသို့ သွားကုန်အံ့ဟု ဖဲကြွတော်မူကုန်၏။

ထိုခဏ၌ ရက်ကန်းသည်အကြီးမယားသည် တစုံတခုသော ပြုဘွယ်ကိစ္စဖြင့် ဗာရာဏသီပြည်သို့ သွားသည်ရှိသော် ထိုပစ္စေကဗုဒ္ဓါတို့ကို ဖူးမြင်ရ၍ ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် အရှင်ဘုရားတို့ အချိန်အခါ မဟုတ်ဘဲ အဘယ့်ကြောင့် ကြွလာတော်မူကြပါသနည်း ဘုရားဟု မေးလျှောက်သဖြင့် အစမှစ၍ ပြန်ကြားပြောဆိုကြလေကုန်၏ ထိုအကြောင်းကို ကြားရလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသော ထိုမိန်းမသည် အရှင်ဘုရားတို့ နက်ဖြန်တပည့်တော်မတို့၏ ဆွမ်းကို ခံယူတော်မူပါကုန်ဘုရားဟု လျှောက်ကြား ပင့်ဘိတ်လေ၏ နှမအရွယ် သဒ္ဓါကြွယ်ဒါယိကာမ ငါတို့ကား အလွန်ပင်များကုန်၏ဟု မိန့်တော် မူလတ်သည်ရှိသော် အရှင်ဘုရားတို့ အဘယ်မျှလောက် ရှိပါကုန်သနည်းဘုရားဟု မေးလျှောက်သဖြင့် တထောင်မျှလောက်ရှိပေကုန်၏ဟု မိန့်တော်မူသောအခါ အရှင်ဘုရားတို့ ဤရွာ၌ တထောင်မျှလောက်ကုန်သော ရက်ကန်းသည်တို့သည် နေထိုင်ကြပါကုန်၏ တဦးတဦးသောသူသည် တပါးတပါးသော အရှင်အား ဆွမ်းကိုလှူဒါန်းပါလတ္တံ့ ဆွမ်းကို သည်းခံတော်မူကြပါဘုရား တပည့်တော်မသည်ပင် အရှင်ဘုရားတို့အား သီတင်းသုံးတော်မူရန် ကျောင်းနေရာကိုလည်း ဆောက်လုပ်ပါမည် ဘုရားဟု လျှောက်ကြားလေ၏ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း သည်းခံတော်မူကြကုန်၏ ထိုဒါယိကာမသည်ရွာသို့ဝင်ရောက်ပြီးလျှင် ငါသည် တထောင်မျှလောက်ကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဖူးမြင်ရ၍ ပင့်ဘိတ်ခဲ့၏ အရှင်မြတ်တို့အား သီတင်းသုံး ထိုင်နေတော် မူစရာနေရာကို စီရင်ကြကုန်လော့ ယာဂုဆွမ်းစသည်တို့ကို ပြည့်စုံအောင် ချက်ပြုတ်ကြကုန်လော့ဟု ကြွေးကြော် ဆော်သြလေ၏။

ထို့နောက် ရွာလယ်၌ မဏ္ဍပ်ကိုဆောက်လုပ်စေ၍ နေရာတို့ကိုခင်းစေပြီးလျှင် တဖန်မိုးသောက် ရောက်သောနေ့၌ အရှင်ပစ္စေကဗုဒ္ဓါတို့ကို ထိုင်နေ သီတင်းသုံးတော်မူစေ၍ မွန်မြတ်လှသော ခဲဘွယ်ဖြင့်ရှင်း ဘောဇဉ်ဖြင့်ရှင်း လုပ်ကျွေးသမှုပြုစုသဖြင့် ဆွမ်းစားပြီးသောအခါ ထိုရွာ၌ နေသော အလုံးစုံသော မိန်းမတို့ကို

သူဌေးကြီးသည် မဟာဒုဂ်အား ထင်းတို့ကို ခွဲပြီးသောအခါ ဤသည်ကား သင့်လုပ်ခတည်းဟု သလေးဆန် လေးစလယ် ကွမ်းစားတို့ကို ပေးစေပြီးလျှင် ဤသည်ကား သင့်အား နှစ်သက်၍ ပေးသောဆုတည်းဟု တပါးလည်းဖြစ်ကုန်သော ဆန် လေးစလယ် ကွမ်းစားတို့ကို ပေးစေပြန်လေ၏ မဟာဒုဂ်သည် အိမ်သို့သွား၍ မယားကို ပြောဆိုသည်မှာ ငါသည် အခစားအမှုပြုသဖြင့် သလေးဆန်ကိုရအပ်၏ ဤဆန်သည် ကျွေးမွေးရန် ဆွမ်းရိက္ခာဖြစ်ပေလတ္တံ့၊ အသင်ရခဲ့သော အခဖြင့် နို့ဓမ်း ဆီ ငြုတ်ဇသော ဘဏ္ဍာတို့ကို ဝယ်ချေလော့ဟု ပြောဆိုလေ၏ သူဌေးကတော်ကြီးသည်လည်း တဖန် ထိုမဟာဒုဂ် မယားအား ထောပတ်တအိုးကိုငင်း နို့ဓမ်းအိုးကိုငင်း ငြုတ်စသော ဘဏ္ဍာကိုငင်း စင်ကြယ်သန့်ရှင်းသော သလေးဆန် တစလယ် ကွမ်းစားကိုငင်း ပေးစေလေ၏ ဤသို့သော အခြင်းအရာဖြင့် ဇနီး ခင်ပွန်း နှစ်ဦးတို့အား ရအပ်သောဆန်တို့သည်ကား [၁]ငါးကွမ်းစားတို့ ဖြစ်ကုန်၏ ထိုဇနီး ခင်ပွန်း နှစ်ဦးတို့သည် ငါတို့သည် လှူဘွယ်ဝတ္ထုကို ရအပ်ပေပြီဟု နှစ်သက်ရွှင်လန်းကုန်သည်ဖြစ်၍ စောစောကပင် ထကြလေကုန်၏။

## ဆွမ်းကျွေးရန် ငါးကြင်းလေးကောင်တံငါသည် ကပေးခြင်း

မယားဖြစ်သူက မဟာဒုဂ်ကို အမောင်သွား၍ ဟင်းရွက်ကို ရှာဖွေကာ ယူဆောင်ခဲ့ပါလော့ဟု ဆို၏ မဟာဒုဂ်သည် အိမ်ဈေး၌ ဟင်းရွက်ကို မရသောကြောင့် မြစ်ဆိပ်ကမ်းနားသို့ သွားရောက်သဖြင့် ယနေ့ [၂]အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်ကို လှူဒါန်းခြင်းငှါ ရပေလတ္တံ့ဟု အလွန်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ သီချင်းကို သီဆိုလျက် ဟင်းရွက်ကို ရွေးချယ်ဆွတ်ခူးနေဆဲ ပိုက်ကွန်ကြီးကို ပစ်ချ၍ တည်နေသော တံငါသည်သည် မဟာဒုဂ်၏အသံ ဖြစ်တန်ရာ၏ဟုကြံ၍ မဟာဒုဂ်ကိုခေါ်ပြီးလျှင် အသင်သည် အလွန်လျှင်ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သီချင်းကိုသီဘိ၏ အကြောင်းအသို့ရှိသနည်းဟု မေးလေ၏ အချင်း ဟင်းရွက်တို့ကို ရွေးချယ်ဆွတ်ခူးနေပါသည်ဟု ဆိုသော် ဟင်းရွက်ဖြင့် အဘယ်အမှုကို ပြုလတ္တံ့နည်းဟု မေးပြန်လေ၏ ရဟန်းတော်တပါးကို

---

၁ အခစားအမှုလုပ်ခ သက်သက်ရသော ဆန်တို့ကား နှစ်ဒွေးပေါင်း ငါးကွမ်းစားဖြစ်၏၊ ဆုအဖြစ်ဖြင့် ပေးသောဆန် အလွတ်ဖိုလို။

၂ အလေးအမြတ်ပြုသဖြင့် ရဟန်းတော်တပါးတည်းကိုပင် အရှင်မြတ်တို့ဟု အများကို သုံးသကဲ့သို့ သုံးခြင်းဖြစ်၏။

ထိုအခါ ရဟန်းတို့အား သင်၏မိခင်သည် မုံ့တိုကိုလှူအပ်ကုန်၏ ဤသို့လှူရာ၌ ငါ၏ တပည့်တို့အားအဘယ်မည်သော အပြစ်ရှိသနည်းဟုမိန့်တော်မူလေ၏ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ကောင်းတို့အား အပြစ်မရှိပါဘုရား တပည့်တော်မအားသာလျှင် အပြစ်ရှိပါသည်ဘုရားဟုလျှောက်ကြား၍ မြတ်စွာ ဘုရားကိုရှိခိုး၍ ကန်တော့တောင်းပန်လေ၏။

## ကာဏာသည် လောကုတ် လောကီစည်းစိမ် နှစ်သီရခြင်း

ထိုအခါ ကာဏာအား မြတ်စွာဘုရားသည် အစဉ်အတိုင်းဖြစ်သော တရား စကားကို ဟောကြားတော်မူလေ၏ ကာဏာသတို့သမီးသည်သောတာပတ္တိဖိုလ်သို့ ရောက်လေ၏ မြတ်စွာဘုရားသည်လည်း နေရာမှထ၍ ကျောင်းတော်သို့ကြွသွား တော်မူလတ်သည်ရှိသော် မင်းယင်ပြင်ဖြင့် ဖြတ်လျက် ကြွသွားတော်မူလေ၏ ကောသလမင်းတရား မြင်လတ်သော် အချင်းတို့ မြတ်စွာဘုရားနှင့်တူသည်မဟုတ် လောဟု မေးမြန်းသဖြင့် အရှင်မင်းကြီး မြတ်စွာဘုရား စင်စစ်မှန်လှပါကြောင်း ဟု လျှောက်တင်လတ်သော် သွားကြချေ ငါဘုရင်မင်းမြတ် လာရောက်၍ ရှိခိုး မည့်အကြောင်းကို လျှောက်ကြားကြချေလော့ဟု စေလွှတ်လိုက်သဖြင့် မင်းယင် ပြင်၌ ရပ်တည်နေတော်မူသော ဘုရားရှင်သို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် ဘုန်းတော် ကြီးတော်မူသောမြတ်စွာဘုရား အဘယ်အရပ်သို့ ကြွသွားပါသနည်း ဘုရားဟု မေးလျှောက်လေ၏ မြတ်သောမင်းကြီး ကာဏမာတာ ဒါယိကာမကြီး၏အိမ် သို့သွား၏ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား အဘယ်အကြောင်းကြောင့်ကြွပါ သနည်းဘုရားဟု မေးလျှောက်ပြန်လေ၏ ကာဏာအမည်ရှိသော သတို့သမီးသည် ရဟန်းတို့ကို ခဲရေးရေရွတ်သတတ် ထိုအကြောင်းကြောင့် သွားသည်ဖြစ်၏ဟု မိန့်တော်မူသောအခါ မြတ်စွာဘုရား အသို့ပါနည်း ထိုကာဏာ ဆဲရေးခြင်းမှ ကင်းလွတ်သည့်အဖြစ်ကို ပြုအပ်ပါပြီလောဘုရားဟု မေးလျှောက်လေ၏။

မြတ်သောမင်းကြီး ပြုအပ်သည်မှန်၏ဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့ကို လည်းဆဲရေးခြင်းမရှိအောင်ပြုအပ်ခဲ့ပြီ လောကုတ္တရာတရား စည်းစိမ်ရှင်၏အဖြစ် ကိုလည်း ပြုအပ်ခဲ့ပြီဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ထိုသို့ဖြစ်ပါစေ ရှင်တော် မြတ်ဘုရားတို့သည် ကာဏာအား လောကုတ္တရာတရားစည်းစိမ်ရှင်ဖြစ်အောင် ပြုအပ်ပါပြီဘုရား တပည့်တော်သည်ကား ထိုကာဏာကို လောကီဥစ္စာစည်းစိမ်

ဝါလေဝဒကံ အပ္ပရသံ နိဟီနံ၊ ပိတ္ဝာ မဒေါ ဇာယတိ ဂဒြဘာနံ။
ဣမဉ္စ ပိတ္ဝာန ရသံ ပဏီတံ၊ မဒေါ န သဉ္ဇာယတိ သိန္ဓဝါနံ။

အပ္ပံ ပိဝိတ္ဝာန နိဟီနဇစ္စော၊ သော မဇ္ဇတီ တေန ဇနိန္ဒ ဖုဋ္ဌော။
ဓောရယှ သီလောစ ကုလမှိ ဇာတော၊ နမဇ္ဇတီ အဂ္ဂရသံ ပိဝိတ္ဝာ။

ဝါလေဝဒကံ၊ဝါလေဝဒကမည်သော။ အပ္ပရသံ၊နည်းသောအရသာရှိသော။ နိဟီနံ၊ယုတ်ညံ့သောအဖျော်ရည်ကို။ပိတ္ဝာ၊ သောက်ရသောကြောင့်။ဂဒြဘာနံ၊ မြည်းတို့အား။ မဒေါ၊ ယစ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပဏီတံ၊ မွန်မြတ်သော။ ဣမဉ္စရသံ၊ ဤသို့ အရသာရှိသော မုဒရက်သီး အဖျော်ကိုပင်လျှင်။ ပိတ္ဝာန၊ သောက်ရသောကြောင့်။ သိန္ဓဝါနံ၊ သိန္ဓောမြင်းတို့အား။ မဒေါ၊ ယစ်ခြင်းသည်။ နသဉ္ဇာယတိ၊ မဖြစ်။

ဇနိန္ဒ၊ မင်းမြတ်။ နိဟီနဇစ္စော၊ ယုတ်သောအမျိုးဇာတ်ရှိသော။ သော၊ ထိုမြည်းအပေါင်းသည်။ အပ္ပံ၊ အနည်းငယ်သော မုဒရက်သီးအဖျော်ကို။ ပိဝိတ္ဝာန၊ သောက်ရ၍။ တေန၊ ထိုမုဒရက်ရည်သည်။ ဖုဋ္ဌော၊ နှိပ်စက်အပ်သည်ဖြစ်၍။ [1]မဇ္ဇတိ၊ ယစ်၏။ ဓောရယှသီလောစ၊ ဝန်ကိုရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သော အလေ့ရှိသော။ ကုလမှိ၊ မြတ်သောအမျိုး၌။ ဇာတော၊ ဖြစ်သောသိန္ဓောမြင်းသည်။ အဂ္ဂရသံ၊ မြတ်သောမုဒရက်သီးအရည်ကို။ ပိဝိတ္ဝာ၊ သောက်၍။ နမဇ္ဇတိ၊ မယစ်။

ဤ [2]ဝါလေဝဒကဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူပြီးလျှင် ချစ်သားရဟန်းတို့ ဤသို့သူတော်ကောင်းတို့သည် လောကဓံတရားကို ကြဉ်ရှောင်၍ ချမ်းသာသောအခါ၌၎င်း ဆင်းရဲသောအခါ၌၎င်း ဖေါက်ပြန်တုန်လှုပ်ခြင်း မရှိသည်သာလျှင် ဖြစ်ကြကုန်၏ဟု အနုသန္ဓေစပ်၍ တရားဟောလိုရကား ဤဂါထာကို ဟောကြားတော်မူလေ၏။

---

၁ မဇ္ဇတီ-ဟု ဂါထာ၌ ဆန်းကြောင့် ဒီဃ-ရောက်သော်လည်း အနက်ပေးရာ၌ ပင်ကိုယ် အတိုင်း မဇ္ဇတိ-ဟု ရသဖြင့် နေသည်၊

၂ ဤဝါလေဝဒကဇာတ်သည် ငါးရာငါးဆယ် ဒုကနိပါတ်၌ လာ၏။

ဝါ၊ လျော်ခြင်းလည်းမဖြစ် မလျော်ခြင်းလည်းမဖြစ်။ တာဒိ၊ လောကဓံတရား ရှစ်ပါးတို့ကြောင့် မတုန်မလှုပ် ပကတိသဘော ရှိ၏။ သုဗ္ဗတော၊ ကောင်းသော အကျင့်ရှိ၏။ အပေတကဒ္ဒမော၊ ကင်းသော ညွန်ရှိသော။ ရဟဒေါ်ဣဝ၊ ရေအိုင် ကဲ့သို့။ ပသန္နော၊ ကြည်လင်သောစိတ်ရှိ၏။ တာဒိနော၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား။ သံသာရာ၊ သုဂတိဒုဂ္ဂတိတို့၌ ကျင်လည်ခြင်းတို့သည်။ နဘဝန္တိ၊ မဖြစ်ကုန်။

## ဒေသနာတော်၌မှတ်ဘွယ်

[မဟာပထဝီမြေပြင်၌ သန့်ရှင်းသော နံ့သာပန်းစသည်တို့ကိုလည်း စွန့်ပစ်ကြကုန်၏ မသန့်ရှင်းသောကျင်ငယ် ကျင်ကြီး စသည်တို့ကိုလည်း စွန့်ပစ်ကြကုန်၏ မြို့တံခါး၌ ထားအပ်သော တံခါးတိုင်ကို သူငယ်စသည်တို့သည် ကျင်ကြီး ကျင်ငယ် စွန့်ကြကုန်၏ အချို့ကား နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ကြကုန်၏ ထိုအခါ မြေပြင်အားရင်း တံခါးတိုင်အားရင်း လိုက်လျော ခြင်းလည်းမဖြစ် ဆန့်ကျင်ခြင်းလည်းမဖြစ် ထိုဥပမာအတူ ရဟန္တာပုဂ္ဂိုလ်သည် လောကဓံတရားရှစ်ပါးတို့ကြောင့် မတုန်လှုပ်သဖြင့် ပင်ကိုယ် တည်တံ့ခြင်း ကောင်းစွာရှိသောကြောင့် ကောင်းသော အကျင့်ရှိသော ပုဂ္ဂိုလ်ဖြစ်၏ ထိုပုဂ္ဂိုလ်သည် ဤသူတို့သည် ငါ့ကို ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ကြကုန်၏ ဤသူတို့ကား မပူဇော်ကြဟု ပြုသူတို့၌လည်း လိုက်လျောဝမ်းမြောက်ခြင်းမရှိ မပြုသူတို့၌လည်း ဆန့်ကျင်ခြင်းမရှိ စင်စစ်မြေကြီးနှင့်လည်းတူ၏ တံခါးတိုင်နှင့်လည်းတူပေ၏ ညွန်ကင်းသောရေအိုင်သည် ကြည်လင်သော ရေရှိသကဲ့သို့ ထိုအတူ ကိလေသာ ကင်းခြင်းကြောင့် ရာဂညွန် စသည်တို့ဖြင့် ညွန်မရှိ ကြည်လင်သော စိတ်အစဉ်ရှိ၏ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား သုဂတိဘဝ ဒုဂ္ဂတိဘဝ၌ ကျင်လည်ခြင်း၏ အစွမ်းဖြင့် သံသရာ၌ ကျင်လည်ခြင်းမည်သည် မရှိပြီ ဟူလို။]

## ဒေသနာဖော်၏ အကျိုး

ဒေသနာတော်၏အဆုံး၌ ကိုးထောင်သောရဟန်းတို့သည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

အရှင်သာရိပုတြာမထေရ်ဝတ္ထု ပြီး၏။

(ခ)၁၄၂-၄၅

ခုနစ်နှစ်နှင့် ခုနစ်လတို့ပတ်လုံး အမိဝမ်းတွင်း၌ နေရပြီးလျှင် ခုနစ်ရက်တိုင်တိုင် ယောနိဝ၌ ကန့်လန့် ဖီလာ အိပ်ရရှာ၏၊ ချစ်သားရဟန်းတို့ ဤသို့လျှင် သီဝလိသည် ထိုအခါ မြို့ကိုဝန်းရံပိတ်ဆီးကာ ယူခဲ့ဘူးသော မကောင်းမှုကြောင့် ဤမျှကာလပတ်လုံး ရေ၌ကျက်၍ တံခါးငယ် လေးခုတို့ကို ပိတ်ခြင်းကြောင့် ထိုကိုယ်မှ စုတေသည်ရှိသော် ထိုမိခင်၏ ဝမ်း၌သာလျှင် ပဋိသန္ဓေစွဲယူလေသဖြင့် ဤမျှကာလပတ်လုံး ဝမ်းခေါင်း၌ ကိန်းအောင်းရရှာလေ၏၊ လတ်လတ်ဆတ်ဆတ် ပျားရည်ကို လှူခဲ့ဘူးသော ကောင်းမှုကြောင့်ကား လာဘ်လာဘ ပြန့်ပြောခြင်း အခြံအရံ ပြန့်ပြောခြင်းကို ရသည်ဖြစ်၏ဟု မိန့်တော်မူလေ၏။

## ကိုရှင်ရေဝတ အကြောင်း စကားစပ်

တဖန်တနေ့သ၌ ရဟန်းတို့သည် ရေဝတသာမဏေအား လာဘ်လာဘသည် အံ့ဩဘွယ်ရှိပေစွ ဘုန်းကံသည်လည်း အံ့ဩဘွယ်ရှိပေစွ ယင်း သာမဏေသည် ဘုန်းရှိ၏ တယောက်ထည်း ဖြစ်လျက် ရဟန်းငါးရာတို့၏ အလို့ငှါ စုလစ်မွန်းချွန် အထွဋ်တပ်သော ငါးရာသော ကျောင်းစသည်တို့ကို ပြုလုပ်အပ်ကုန်၏ဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ငါ့သားအား ကောင်းမှုလည်း မရှိ မကောင်းမှုလည်းမရှိ ကောင်းမှု-မကောင်းမှုနှစ်ပါးကို ထိုသာမဏေ ပယ်ရှားအပ်ပြီဟု မိန့်တော်မူပြီးလျှင် ဗြာဟ္မဏဝဂ်၌ ဤဂါထာကို ဟောတော်မူလေ၏။

> ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂံ ဥပစ္စဂါ။
> အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ။ ချစ်သားရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ယော၊ အကြင်သူသည်။ ပုညဉ္စ၊ ကောင်းမှုကိုငှင်း။ ပါပဉ္စ၊ မကောင်းမှုကိုငှင်း။ ဥဘော၊ နှစ်ပါးစုံသော ကံတို့ကို။ ဆဍ္ဍေတွာ၊ ပယ်စွန့်၍။ သင်္ဂံ၊ အာရုံ၌ကပ်ငြိတတ်သောရာဂကို။ ဥပစ္စဂါ၊ လွန်မြောက်ပြီ။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိသော။ ဝိရဇံ၊ ဘာဝိလေသာဟူမြူလည်းမရှိသော။ သုဒ္ဓံ၊ သန့်ရှင်းစင်ကြယ်သော။ တံ၊ ထိုသူကို။ အဟံ၊

ငါဘုရားသည်။ ဗြာဟ္မဏ၊ မကောင်းမှုမှ အပပြုပြီးသောသူဟူ၍။ ဗြူ့မိ၊ ဟော တော်မူ၏။

ရှားတောနေ ရှင်ရေဝတမထေရ်ဝတ္ထုပြီး၏။

## ၁၀—မထင်ရှားသော မိန်းမတယောက် ဝတ္ထု

ရမဏီယာနိ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မထင်ရှားသော မိန်းမတယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

### တကဲ့ဝဲဇလှပါ တကဲ့လှေသဘော်ာ သဘွယ်

ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်သော ရဟန်းတပါးသည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူပြီးလျှင် တခုသော ဥယျာဉ်ဟောင်းသို့ဝင်၍ ရဟန်း တရားကို အားထုတ်သတတ် မြို့ကြီး ပြည်ကြီးကို တင့်တယ်စေတတ်သောကြောင့် တန်းဆာသဘွယ်ဟု သမုတ်ခေါ်ဝေါ်အပ်သော ပြည်မကံကျွေး မိန်းမတယောက် သည် ယောကျ်ားတယောက်နှင့်တကွ ကျွန်မသည် ဤမည်သော အရပ်သို့ သွား ပါမည် အရှင်သည်ထိုအရပ်သို့ လာခဲ့ပါဟု ချိန်းချက် မှတ်သားခြင်းကိုပြု၍ သွား လေရာ ထိုယောကျ်ားမလာသဖြင့် ထိုမိန်းမသည် ယောကျ်ား၏ လာရာလမ်းခရီး ကို ကြည့်ရှုလတ်သည်ရှိသော် ထိုယောကျ်ားကို မမြင်ရသဖြင့် ပျင်းရိလှသော ကြောင့် ထိုမှ ဤမှ လှည့်လည်လျက် ဥယျာဉ်သို့ ဝင်လာလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော မထေရ်မြတ်ကို မြင်ရပြီးလျှင် ထိုမှ ဤမှ တပါးသောသူကို ကြည့်ရှုပြန်ရာ တပါးသောသူ တစုံတယောက်ကိုမျှ မမြင်ရခြင်းကြောင့် ဤ ရဟန်းသည်လည်း ယောကျ်ားဖြစ်၏ ဤသို့လျှင် ထိုရဟန်း၏စိတ်ကို တွေဝေ အောင် ပြုအံ့ဟု ကြံစည်လျက် ထိုရဟန်း၏ ရှေ့၌ ရပ်၍ အဖန်တလဲလဲ အဝတ် ထမီကို တမင် ဖြေချတ်ကာ ဝတ်လေ၏ ဆံပင်တို့ကိုလည်း ဖြည်၍ထုံး၏ လက်ခုပ် ကိုလည်း တီး၍ရယ်၏ မထေရ်အား ထိတ်လန့်ခြင်း သံဝေဂဉာဏ် ဖြစ်ပေါ်လာ သောကြောင့် တကိုယ်လုံးပီတိဖြင့် ပျံ့နှံ့လေရကား ထိုရဟန်းသည် ဤသည်ကား အဘယ်နည်းဟုဆင်ခြင်လေ၏ ဘုရားရှင်သည်လည်းငါဘုရား၏အထံ၌ ကမ္မဋ္ဌာန်း ယူ၍ ရဟန်းတရားကို အားထုတ်အံ့ဟု သွားသောရဟန်းအား အကြောင်း

ပတ်လုံး ကြမ်းတန်းသော အမှုကို ပြုအပ်ပါသည် များစွာသော လူတို့ကို သတ် အပ်ကုန်၏ ထိုမိမိ၏ မကောင်းမှုကို တပည့်တော်သည် အောက်မေ့မိသည်ဖြစ်ပါ ၍ စိတ်ကို အရှင်မြတ်ဘုရား၏ ဒေသနာတော်၌ ယှဉ်တွဲ၍ အစဉ်လိုက်ခြင်းကို ပြုခြင်းငှါ မတတ်နိုင်ပါဘုရားဟု လျှောက်လေ၏။ မထေရ်မြတ် သည်လည်း ထိုတမ္ဗဒါဌိကကိုငါလှည့်ပတ်အံ့ဟုကြံတော်မူ၍ ဒါယကာ သင်သည်မိမိအလိုဖြင့် ပြုသလော သူတပါးတို့သည် ပြုစေအပ်သလောဟု မေးတော်မူ၏ အရှင်ဘုရား ပြည့်ရှင်မင်းကြီးသည် တပည့်တော်ကို ပြုခိုင်းပါသည်ဘုရားဟု လျှောက်ကြား လတ်သောအခါ ဒါယကာ ဤသို့ဖြစ်သည်ရှိသော် သင်အား မကောင်းမှု အကု သိုလ်ကံ ဖြစ်သတဲ့လောဟု မိန့်မြွက်တော် မူလေ၏ ပညာနုံ့သော သဘော ရှိသော ဒါယကာသည် အရှင်သာရိပုတြာမထေရ် ဤသို့မိန့်သည်ရှိသော် ငါ့အား မကောင်းမှု အကုသိုလ်ကံ မရှိလေစွတကားဟု မှတ်ထင်သဖြင့် အရှင် ဘုရား ထိုသို့ဖြစ်မူ တရားတော်ကို ဟောကြားတော်မူပါဘုရားဟု အားရဝမ်းသာ လျှောက်ကြားရှာလေ၏

## ခိုးသူသတ်သောကျွဲ့ တရားနာကျိုး ဝမ်းမြောက်ဘွယ်

ထိုတမ္ဗဒါဌိကသည် အရှင်သာရိပုတြာ မထေရ်မြတ် အနုမောဒနာတရား ဟောကြားလတ်သည်ရှိသော် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ တရားတော် နာကြားစဉ် သောတာပတ္တိမဂ်၏ ဤမှာဘက်အတွင်းမှ [၁]အနုလောမိကခန္တီကို ဖြစ်စေလေ၏ မထေရ်လည်း အနုမောဒနာပြုပြီးလျှင် ဖဲကြွသွားတော်မူလေ၏ မထေရ်မြတ်ကို အတန်ငယ်လိုက်ပို့၍ ပြန်လည်လာသော တမ္ဗဒါဌိက ဥပါသကာကို ဘီလူးမတယောက်သည် နွားမအသွင်ဖြင့် ပြေးလာပြီးလျှင် ရင်၌ပုတ်ခတ်၍ ဇော့ သတ်၏ ထိုတမ္ဗဒါဌိကသည် စုတေမနေ သေသည်ရှိသော် တုသိတာနတ်ပြည်၌ ဖြစ်လေ၏ ရဟန်းတို့သည် တရားသဘင်၌ ခိုးသူသတ် ယောကျ်ားသည် ငါးဆဲ့ ငါးနှစ်တို့ပတ်လုံး ကြမ်းကြုတ်သော အမှုကိုပြု၍ ယနေ့ပင်လျှင် ထိုကြမ်းကြုတ် သော အမှုမှ လွတ်မြောက်၏ ယနေ့ပင်လျှင် အရှင်သာရိပုတြာမထေရ်အား ဆွမ်း လှူဒါန်း၍ ယနေ့ပင်လျှင် သေလွန်ရှာလေ၏။

---

၁ အနုလောမိက ခန္တီ မဂ်အားလျော်စွာ ရှေးအဘို့၌ဖြစ်သော ဝိပဿနာဉာဏ်၊ မဂ္ဂဝီထိ၌ ပါသော အနုလောမဉာဏ်မဟုတ်။

အစာ ဖြစ်ကုန်၏ ဤလူအပေါင်းတို့တွင် တယောက်သော ကုန်သည်သည် ပျဉ်ချပ်တခုကိုယူ၍ လှံ့လပြုသောကြောင့် သုပ္ပါရက သင်္ဘောဆိပ် မြစ်ကမ်းနားသို့ ရောက်လေ၏၊ ထိုယောကျ်ားအား အဝတ်အရုံ ပုဆိုးကားမရှိ ထိုယောကျ်ားသည် တပါးသော တစုံတခု ဝတ်ရုံစရာကို မမြင်ရကား ခြောက်သွေ့သော သစ်သား တုတ်ချောင်းကို လျှော်ဖြင့် ရစ်ပတ်သီကုံး၍ အဝတ်အရုံကို ပြုပြီးလျှင် နတ်ကွန်းနတ်စင်မှ ခွက်ကိုယူ၍ သုပ္ပါရကဆိပ်သို့ သွားလေ၏၊ လူတို့သည် ထိုသူ့ကိုမြင်လျှင် ယာဂု ထမင်း စသည်တို့ကို ပေးကမ်း၍ ဤသူကား ရဟန္တာ တပါးပင်တည်းဟု ချီးမွမ်း ပြောပကြကုန်၏၊ ထိုယောကျ်ားသည် အဝတ်တို့ကို ဆောင်ပို့လာကြကုန်သည်ရှိသော် ငါသည် အကယ်၍ဝတ်မူလည်း ဝတ်ခြင်းအံ့ ရုံမူလည်း ရုံခြင်းအံ့ ငါ့အား လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်လတ္တံ့ဟု ကြံစည်၍ ထိုအဝတ်တို့ကို ပယ်စွန့်ပြီးလျှင် [1] သစ်သား တုတ်ချောင်း အဝတ်သင်္ကန်းတို့ကိုသာ ဆောင်ယူ၏၊ ထိုအခါ များစွာသော လူတို့က ရဟန္တာဟူ၍ ဆိုအပ်သည်ရှိသော် ထိုသူအား ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်လေ၏၊ လောက၌ အကြင်အမှတ်မရှိ အလုံးစုံကုန်သော ရဟန္တာ ဖြစ်သော သူတို့သည်ငှင်း အရဟတ္တမဂ်သို့ ရောက်သောသူတို့သည်ငှင်း ရှိကြကုန်၏ ထိုသူတို့တွင် ငါသည် တယောက်အဝင်အပါတည်းဟု အကြံဖြစ်ပေါ်လေ၏ ထိုအခါ ထိုသူ၏ ရှေး၌ သွေးသား တော်စပ်သူ အလား အကျွမ်းတဝင် ဖြစ်ဘူးသောကြောင့် ပုရာဏသာလောဟိတဟု ဆိုအပ်သော ဗြဟ္မာကြီးသည် ဤသို့ [2] ကြံစည်လေ၏၊ ထိုပုရာဏသာလောဟိတ ဟူသည်ကား ရှေး၌ အတူတကွ ရဟန်းတရားကို အားထုတ်ဘူးသောသူတည်း။

## ကဿပဘုရားလက်ထက် ရဟန်းခုနစ်ပါး တောင်ပေါ်သို့တက်၍ တရားအားထုတ်ခြင်း

ရှေးအခါ ကဿပ မြတ်စွာဘုရား၏ သာသနာတော် ရွေ့လျော့ဆုတ်နစ်လတ်သည်ရှိသော် သာမဏေ စသည်တို့၏ ဖေါက်ပြန်သော အမူအရာကိုမြင်ရ၍ ခုနစ်ပါးသော ရဟန်းတော်တို့သည် ထိတ်လန့်ခြင်းသို့ ရောက်ကုန်သဖြင့် အကြင်

၁။ ပျဉ်ချပ်အငတ်ဟူ၍လည်း ခေါ်ဆိုသုံးစွဲကြသေးသည်။
၂ ကြံစည်ပုံအခြင်းအရာကား အနည်းငယ် အလှမ်းဝေးနေသေးသည်။

အဖြစ်သို့ ရောက်လေ၏၊ ထိုရဟန္တာဖြစ်သော ခဏာဥ်ပင်လျှင် မြတ်စွာဘုရားကို ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ သင်အား သပိတ်သင်္ကန်း ပြည့်စုံပြီလော ဟု မေးတော်မူသည်ရှိသော် မပြည့်စုံသေးပါ ဘုရားဟု လျှောက်ဆိုလေ၏ ထိုအခါ ဗာဟိယကို မြတ်စွာဘုရားသည် ထိုသို့ဖြစ်မူ သပိတ်သင်္ကန်းကို ရှာချေဦးလော့ဟု မိန့်တော်မူ၍ ဖဲကြွတော်မူလေ၏။ ထိုဗာဟိယဒါရုစိသည် အနှစ်နှစ်သောင်း ကာလပတ်လုံး ရဟန်းတရားကို အားထုတ်သည်ရှိသော် ရဟန်းမည်သည် မိမိကိုယ်တိုင် ပစ္စည်းတို့ကို ရမူ တပါးသူကို မငဲ့မကြည့်ဘဲ မိမိချည်း သာလျှင် သုံးဆောင်ခြင်းငှါ သင့်၏ဟု နှလုံးသွင်းသဖြင့် တပါးသောရဟန်း အားမူလည်း သပိတ်တလုံးဖြင့်၎င်း သင်္ကန်းတထည်ဖြင့်၎င်း သင်္ဂြိုဟ် ထောက်ပံ့ ချီးမြှောက်ခြင်းကို မပြုလေဘူးသတတ် ထို့ကြောင့် ထိုဗာဟိယ ဒါရုစိအား တန်းခိုးဖြင့် ပြီးသော သပိတ် သင်္ကန်းသည် မဖြစ်နိုင်ဟု သိတော်မူသဖြင့် ဧဟိဘိက္ခု ရဟန်း၏အဖြစ်ဖြင့် [၁]ရဟန်းအဖြစ်ကို ပေးတော်မမူ ထိုဗာဟိယဒါရုစိကို သပိတ် သင်္ကန်းရှာခြင်းငှါ လှည့်လည် သွားလာစဉ်သာလျှင် ဘီလူးမ တယောက်သည် နွားမအသွင်ဖြင့် လာလတ်၍ လက်ဝဲပေါင်၌ တိုးဝှေ့သဖြင့် အသက်ကုန်ခြင်းသို့ ရောက်စေလေ၏။

## စေတီတည်ခြင်းနှင့် ခိပ္ပါဘိညာ ဧတဒဂ်ပေးခြင်း

မြတ်စွာဘုရားသည် ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စ ပြီးပြီးသည်ရှိသော် များစွာသော ရဟန်းတို့နှင့်တကွ ထွက်လာခဲ့ရာ ဗာဟိယ၏ ကိုယ်အလောင်းကောင်ကို တံမြက်ချေးစုရာ အမှိုက်ပုံ၌ လည်းကျလျက် ရှိသည်ကို မြင်တော်မူရလျှင် ရဟန်းတို့ကို ချစ်သားရဟန်းတို့ တခုသော အိမ်တံခါး၌ရပ်၍ ညောင်စောင်းငယ်ကို ဆောင်ယူစေသဖြင့် ဤအလောင်းကောင် ကို မြို့မှထုတ်၍ မီးသင်္ဂြိုဟ်ပြီးလျှင် စေတီတည်၍ကြကုန်လော့ဟု မိန့်မြွက်စေခိုင်း တော်မူလေ၏။ ရဟန်းတို့သည်လည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း ပြုကြ လေကုန်၏ ထိုသို့ပြုကြပြီးသည်ရှိသော် ကျောင်းသို့သွား၍ ဘုရားသို့ ချဉ်းကပ် လျက် မိမိတို့ပြုပြီးသော ကိစ္စကိုလျှောက်ကြားကြ၍ ထိုဗာဟိယဒါရုစိ၏ လားရာ

---

၁ ပဉ္စကဗုဒ္ဓါကိုးလေးနှင့်ပစ်၍ သပိတ်သင်္ကန်းလုယူသွားဘူးသောကြောင့် သပိတ်သင်္ကန်း မပြည့်စုံဟူ၍ အချို့ဆိုကြသည်ဟု ဥဒါန်းအဋ္ဌကထာ၌ ပြဆို၏။

## ဝါဆိုနေ့၌ ကထိကဝတ်ပြုပုံ

မထေရ်တို့သည် ဝါဆိုအံ့သောနေ့၌ ကထိကဝတ် ပြုကြသည်မှာ ငါ့ရှင်တို့ ငါတို့သည် သက်တော်ထင်ရှား ရှိသော ဘုရားရှင်၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူအပ်ပေပြီ အကျင့်မြတ်၏ ပြည့်စုံခြင်းကို ဖယ်ထား၍ တပါးသော အကျင့်ဖြင့် ဘုရားရှင်တို့ကိုနှစ်သိမ့်စေခြင်းငှါ မတတ်ကောင်း ငါတို့အလို့ငှါ အပါယ်တံခါးတို့သည် ဟင်းလင်း ပွင့်ကြကုန်သည် သာတည်း ထို့ကြောင့်နံနက်စောစော၌ ဆွမ်းခံသွားသော အခါကိုငင်း ညချမ်း၌ မထေရ်ကြီးအား ဆည်းကပ်ခစားသော အခါကိုငင်း ဖယ်ထား၍ ကြွင်းသောအခါ၌ ငါတို့သည်နှစ်ပါးဖြစ်၍ တခုသော အရပ်၌ မဖြစ်ကြရကုန်စို့အံ့ မနေကြစတမ်း အကြင်ရဟန်းအား မချမ်းမသာ ရောဂါဝေဒနာ ဖြစ်ငြားအံ့ ထိုရဟန်းသည် ခေါင်းလောင်း ထိုးခတ်သည် ရှိသော် ထိုရဟန်း၏အထံသို့သွား၍ ဆေးကုသရကြကုန်စို့အံ့ ဤအချိန် ဤအဘို့မှ တပါးသော ညဥ့်အဘို့၌ငင်း နေ့အဘို့၌ငင်း မမေ့မလျော့ကြကုန်မူ၍ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်ကြရ ကုန်စို့အံ့ဟု ကထိကဝတ်ကို ပြုကြလေကုန်၏။

## စားကြွင်းစားခေါ် လူဆင်းရဲရောက်လာခြင်း

ထိုရဟန်းတို့သည် ဤသို့ကထိကဝတ်ပြုသဖြင့် နေကြကုန်သည်ရှိသော် သွီးကို အမှီပြု၍ အသက်မွေးရသော ဆင်းရဲသော ယောကျ်ားတယောက်သည် ထို အရပ်၌ ငတ်မွတ်ခေါင်းပါးခြင်း ဖြစ်ပေါ်လေရကား ထိုမှတပါးသောသွီးကို အမှီပြု၍ အသက်မွေးလိုသောကြောင့် ခရီးထွက်သွားလေ၏ မထေရ်တို့သည်လည်း ရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီးလျှင် နေရာအရပ်သို့ ပြန်လာကြသည်ရှိသော် လမ်းခရီးအကြား တခုသောမြစ်၌ ရေချိုး၍ သဲပုံစု၌ ထိုင်လျက် ဆွမ်းစား ခြင်းအမှုကို ပြုကြလေကုန်၏ ထိုခဏ၌ ထိုသူဆင်းရဲယောကျ်ားသည် ထိုအရပ်သို့ ရောက်သွား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ တည်နေလေ၏ ထိုအခါ လူဆင်းရဲယောကျ်ားကို မထေရ်တို့သည် အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးကြကုန်၏ ထိုယောကျ်ားသည် ထိုအကြောင်းကို လျှောက်ကြားလေ၏ မထေရ်တို့သည် ထိုသူဆင်းရဲ ယောကျ်ား၌ သနားခြင်း ကရုဏာကို ဖြစ်စေ ကြကုန်သဖြင့် ဒါယကာ သင်သည် အလွန်လျှင် မွတ်သိပ် ဆာလောင်ဟန်

## ခိုးသားငါးရာတို့ ရဟန်းပြုကြခြင်း

ထိုသံကိစ္စ သာမဏေသည် ခိုးသူတို့၏ သန်လျက်သွားဖြင့်သာလျှင် ဆံတို့ကို ရင်း ပုဆိုးမြိတ်တို့ကိုရင်း ဖြတ်၍ မြေနီဖြင့် ဆိုးသဖြင့် ထိုသင်္ကန်းတို့ကို ဝတ်စေ၍ ဆယ်ပါးသော သီလတို့၌ တည်စေလျက် ထို[၁] ရဟန်းတို့ကို ခေါ်ခဲ့၍ သွားစဉ် ငါကားမထေရ်တို့ကို မဖူးမြင်ဘဲသာ အကယ်၍ သွားချေသည် ဖြစ်အံ့ ထိုရဟန်းတို့သည် ရဟန်းတရားကို အားထုတ်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့ ခိုးသူတို့သည် ငါ့ကို ဖမ်းယူသဖြင့် ထွက်သွားသော အခါမှစ၍ ထိုရဟန်းတို့တွင် တယောက်သော ရဟန်းမျှလည်း မျက်ရည်တို့ကို ဆည်ခြင်း တည်တံ့စေခြင်းငှါ မတတ်နိုင် သာမဏေ သေသလော မသေသလောဟု တွေးတောကြံစည်လျက်ကမ္မဋ္ဌာန်းသို့ ရှေးရှုပြုခြင်း ဘာဝနာကို မရကုန်လတ္တံ့ ထို့ကြောင့် ထိုရဟန်းတို့အား ဖူးမြင်ပြီးမှ သာလျှင် သွားပေအံ့ဟု ကြံစည်လေ၏ ထိုသာမဏေသည် ရဟန်းငါးရာတို့ဖြင့် ခြံရံလျက် ထိုအရပ်သို့သွား၍ မိမိအား မြင်ရခြင်းဖြင့် ရှင်လန်းနှစ်သိမ့်ခြင်း ရရှိကုန်သော မထေရ်တို့သည် သူတော်ကောင်းဖြစ်သော သံကိစ္စ သာမဏေ အသို့နည်း သင်သည် အသက်ရှင်ခြင်းကို ရလေပြီလောဟု မိန့်ဆိုလတ်သော် အရှင်ဘုရားတို့ ရခဲ့သည် မှန်လှပါ၏ဘုရား ဤသူတို့သည် တပည့်တော်ကို သတ်လိုကြကုန်လျက် သတ်ခြင်းငှါ မတတ်နိုင်ကြသည်ဖြစ်၍ တပည့်တော်၏ဂုဏ်ကျေးဇူး၌ ကြည်ညိုပြီးလျှင် တရားနာရ၍ ရဟန်းပြုကြပါသည် တပည့်တော်သည် အရှင်ဘုရားတို့ကို ဖူးမြင်ပြီးမှသာ သွားပေအံ့ဟု ရောက်လာပါသည်ဘုရား မမေ့မလျော့ ရဟန်းတရားကို အားထုတ်တော်မူကြပါ တပည့်တော်သည် မြတ်စွာဘုရား အထံတော်သို့ ပြန်သွားပါတော့မည် ဘုရားဟု လျှောက်ကြားပြီးလျှင် ထိုရဟန်းတို့ကိုရှိခိုး၍ ရဟန်းသစ် ငါးရာတို့ကို ခေါ်ပြီးလျှင် ဥပဇ္ဈာယ်ဖြစ်သော ရှင်သာရိပုတြာမထေရ်မြတ်၏ အထံတော်သို့ ရောက်သွားသည်ရှိသော် သံကိစ္စသာမဏေ အသို့နည်း သင်သည်အန္တေဝါသိက တပည့်တို့ကို ရခဲ့လေသလောဟု မိန့်တော်မူလျှင် အရှင်ဘုရား ရခဲ့သည် မှန်လှပါသည်ဘုရားဟု ဆို၍ ထိုအကြောင်းကို ပြန်ပြောင်းလျှောက်ကြားလေ၏။

---

၁ ရဟန်းအစစ် ဖြစ်ကုန်လတ္တံ့ဟု ယုံကြည်လောက်သောကြောင့် ရဟန်းဟူ၍ပင် ခေါ်ဝေါ်ခြင်းပြုသည်။

ကမ္ဗဇလေတို့သည် လှုပ်ချောက်ချားကုန်ပြီဟုဆို၍ မြေ၌ လျှောင်းစက်လျက် တပြောင်းပြန်ပြန် လူးကာလိမ့်ကာ ဆင်းရဲငိုကြွေးစွာ သားငယ်ကို ဖွားမြင်ရရှာ ပြီးမှ သားဖွားခြင်းအကျိုးငှါ ငါသည် မိဘအိမ်သို့သွားရာ၏ ထိုအကျိုးသည် ပြီး ငြိမ်းလေပြီဟု တဖန်သာလျှင် လင်ယောကျ်ားနှင့်အတူတကွ အိမ်သို့ပြန်လာ၍ နေခြင်းကို ပြုလေ၏။

ထိုသူဌေးသမီးအား တပါးသောအခါ ကိုယ်ဝန်တဖန် တည်ပြန်လေ၏ ထိုသူဌေးသမီးသည် ရင့်သော ကိုယ်ဝန်ရှိသည်ဖြစ်၍ ရှေးနည်းအားဖြင့်သာလျှင် လင်ယောကျ်ားကို တောင်းပန်ပြန်သော် တောင်းပန်ခြင်းကို မရခြင်းကြောင့် သားကိုရင်ခွင်ဖြင့်ချီလျက် ထိုရှေးအတူသာလျှင် ထွက်ခွါဖဲသွားပြန်သဖြင့် လင် ယောကျ်ားသည် အစဉ်လိုက်၍ ရပ်ဆိုင်းပါဦးဟု ဆိုသော်လည်း ပြန်လည်ခြင်းငှါ အလိုမရှိခဲ့လေပြီ ထိုအခါ ထိုသူတို့သွားကြကုန်စဉ် အခါမဲ့ မိုဃ်းကြီးသည်ထင်ရှား စွာဖြစ်လေ၏ထက်ဝန်းကျင်မှလျှပ်စစ်နွယ်တို့ဖြင့်ရဲရဲပြောင်ပြောင်တောက်လောင် ဘိသကဲ့သို့ရင်း မိုဃ်းထစ်ချုန်းသံဖြင့် ကွဲအက်ပြိုပျက်အံ့သကဲ့သို့ရင်း ကောင်းကင် သည် ရေအယဉ်လေတို့ဖြင့် အကြားအလပ်မရှိ ဖြစ်လေ၏ ထိုခဏ၌ ထိုသူဌေး သမီးအား ကမ္ဗဇလေတို့သည် လှုပ်ရှားလေကုန်၏ သူဌေးသမီးသည်လင်ယောကျ်ား ကိုခေါ်၍ အမောင်ချစ်လင် ငါ့အား ကမ္ဗဇလေတို့သည် လှုပ်ချောက်ချားကုန်ပြီ တည်တံ့စွာနေခြင်းငှါ မတတ်နိုင် မိုဃ်းမစွတ်ရာအရပ်ကို ငါ့အလို့ငှါ သိပါလော့ ပြုစမ်းပါလော့ ဟု ဆိုရှာလေ၏။

## လင်မြွေကိုက်သေသဖြင့် ဒုက္ခတွေ့ပြန်ခြင်း

ကျေးကျွန်ဖြစ်သော လင်ယောကျ်ားသည် လက်၌ပါသော ပဲခွပ်ဖြင့် ထိုမှ ဤမှ စုံးစမ်းရှာဖွေသည်ရှိသော် တခုသော တောင်ပို့ထိပ်ထက်၌ ပေါက်သော ချုံကိုမြင်လျှင် ဖြတ်ခြင်းငှါ အားထုတ်လေ၏ ထိုအခါ ထိုယောကျ်ားကို တောင်ပို့မှထွက်၍ ကြမ်းသောအဆိပ်ရှိသဖြင့် လျင်သော အဆိပ်ရှိသော မြွေ သည် ကိုက်လေ၏ ထိုခဏ၌သာလျှင် ထိုယောကျ်ား၏ ကိုယ်သည် အတွင်းမှ ထသော မီးလျှံတို့ဖြင့် လောင်သကဲ့သို့ တကိုယ်လုံး ညိုသောအဆင်းရှိသည်ဖြစ်၍ ထိုနေရာ၌ပင် တိမ်းလည်းလေ၏ သူဌေးသမီးသည်လည်း 'ကြီးစွာသောဆင်းရဲကို ခံစားလျက် ထိုလင်ယောကျ်ား၏ လာခြင်းကို ကြည့်မြော်ပါသော်လည်း

ရဟန်းမိန်းမတို့၏အဘိထံသို့ စေလွှတ်၍ ရဟန်းပြုစေ၏ ထိုပဋာစာရီသည် ပဋ္ဌင်း အဖြစ် ရပြီးသည်ရှိသော် ထင်ရှားသော အကျင့်ရှိခြင်းကြောင့် ပဋာစာရီဟူ၍ သာလျှင် အမည်ထင်ရှားလေ၏ ထိုပဋာစာရီသည် တနေ့သ၌ ရေအိုးဖြင့် ရေကို ယူ၍ ခြေတို့ကို ဆေးလတ်သည်ရှိသော် သွန်းလောင်းအပ်သောရေသည် အနည်း ငယ်သော အရပ်သို့သွား၍ ပြတ်၏ နှစ်ကြိမ်မြောက်၌ သွန်းလောင်း အပ်သော ရေသည် ထိုထက်အလွန် ဝေးသောအရပ်သို့ ရောက်သွား၏ သုံး ကြိမ် မြောက်၌ သွန်းလောင်းအပ်သောရေသည် ထိုထက်လည်းဝေးစွာသော အရပ်သို့ ရောက် သွားလေ၏ ဤသို့သော အခြင်းအရာဖြင့် ပဋာစာရီ ဘိက္ခုနီမသည် ထိုရေကို သာလျှင် အာရုံယူ၍ အရွယ်သုံးပါးတို့ကို ပိုင်းခြားဝေဘန်လျက် ငါသည် ပဌမ ရွေးဦးစွာ သွန်းလောင်းအပ်သော ရေကဲ့သို့ ဤသတ္တဝါတို့သည် ပဌမ အရွယ်၌ သေလွန်ကုန်၏ ထိုရေထက်ဝေးသော အရပ်သို့ စီးသွားသော နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ရေကဲ့သို့ မဇ္ဈိမအရွယ်၌လည်း သေလွန်ကုန်၏ ထိုထက် ဝေးစွာသောအရပ်သို့ စီးသွားသော သုံးကြိမ်မြောက် သွန်းလောင်းအပ်သော ရေကဲ့သို့ ပစ္ဆိမအရွယ်၌လည်း သေလွန်ကုန်သည်သာလျှင်တည်းဟု ကြံဆင်ခြင် လေ၏ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ နေတော်မူလျက်သာလျှင် ရောင်ခြည် တော်ကို ပျံ့နှံ့စေတော်မူသဖြင့် ပဋာစာရီ ဘိက္ခုနီမ၏ မျက်မှောက်၌တည်နေ၍ တရားဟောတော်မူဘိသကဲ့သို့ ချစ်သမီးပဋာစာရီ ဤအကြံသည်ကြံတိုင်းသာလျှင် မှန်ပေ၏ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မမြင်သောသူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် ထိုခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မြင်သောသူ၏ တရက်မျှရှင်း တခဏမျှရှင်း အသက်ရှည်ခြင်းသည်မြတ်၏ဟု မိန့်တော်မူ၍ အနု သန္ဓေကိုစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော် မူလေ၏။

## ဒေသနာတော်

၁၁၃ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ဖြစ်ခြင်း ပျက် ခြင်းကို။ အပဿံ အပဿန္တော၊ မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာကာလပတ် လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ တတော၊ ထိုအဖြစ်အပျက် မသိသောသူ

အသက်ရှည်ခြင်းထက်။ ဥတ္တမံဓမ္မံ၊ မြတ်သောလောကုတ္တရာ တရားကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဝါ၊ ကာလဏမျှပင်။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

**ဒေသနာတော်၏ အကျိုး**

ဂါထာ၏အဆုံး၌ ဗဟုပုတ္တိကာ ထေရီမသည် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်၌ တည်လေ၏။

ဗဟုပုတ္တိကာထေရီမ ဝတ္ထုပြီး၏

**ဤတွင်ရွှေ့ကား ရှစ်ခုမြောက်သော သဟဿဝဂ်အဖွင့် ပြီး၏။**

## ဒုတိယတွဲနိဂုံး

မဟာမိတ္တကုလေ ဇာတော၊ ပန်းမောင်တိ ဒန္တစာရိကော။
မနောရမံ ဓမ္မပဒ၊ ဌကထံ ပါဠိဘာသိတံ။

မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ ကုမာရကဿပေါ ယတိ။
ပုညံ ထာဝရ လာဘာယ၊ မဥ္စ ဗုဒ္ဓဿသီယတိ။

ဣတိ အရိယောတိ နာမဓေယျေန ထေရေန ဝိရစိတေ မြန်မာ့ဘာသာ ဓမ္မပဒဝတ္ထု ပကရဏေ ပဥ္စသု ဝဂ္ဂေသု ဒွါသဋ္ဌိဝတ္ထူဟိ ပဋိမဏ္ဍိတော ဒုတိယဘာဂေါ သိဝံ ဂတော။

ဓမ္မပဒဝတ္ထုတော်ကြီး–လေးတွဲအနက်

**ဒုတိယတွဲ ဤတွင်ပြီး၏။**